ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (15-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၆၈)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ဧေဟာ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ စာမျက်နှာ ၁၆ ကော်လံ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

ရတနာပုံ

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်

အယ်ဒီတာ့အာဘော်

NCA မှသည် ထာဝရငြိမ်းချမ်းရေးဆီသို့

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည်အဓိကကျလှပေသည်။ နိုင်ငံအတွင်းပြည်သူအားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုလျှင် နိုင်ငံသည် အနေးနှင့်အမြန်ပင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များသည် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ရသည်။

ထိုသို့ လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးဆွေးနွေးမှုများ စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ကြရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက် နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၈ ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းကြောင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးသည့်အဖွဲ့ ၁၀ ဖွဲ့အထိ ရှိလာခဲ့သည်။

NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့သို့ပင် ရောက်ရှိလာပြီဖြစ်ပါသည်။ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ **"NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကို ပုံဖော်မည်"** ဆောင်ပုဒ်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပမည်ဖြစ်ပြီး NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား အလုပ်ရုံဆွေးနွေးပွဲကိုလည်း တစ်ဆက်တည်းကျင်းပမည်ဖြစ်ရာ နိုင်ငံတကာမှ ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ အစိုးရဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ မီဒီယာကိုယ်စားလှယ်များ၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပါဝင်ဆောင်ရွက်ကြသူများ အားလုံးပါဝင်တက်ရောက်၍ **"မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်ခြင်း"** Theme ဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၏ ၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို ဆန်းစစ်သုံးသပ်ရန်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှရရှိခဲ့သည့် အတွေ့အကြုံများနှင့် အမြင်များကို မျှဝေသွားမည်ဖြစ်ပါသည်။

NCA ၏ ပကတိအနှစ်သာရနှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြည်သူလူထုက သဘောပေါက်သိရှိနားလည်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲတို့ကို ပေါင်းစပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် NCA စာချုပ်အပေါ် ခိုင်ခိုင်မာမာယုံကြည်ရပ်တည်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ အနှောင့်အယှက်အတားအဆီးများကို ကျော်လွှားရင်ဆိုင်ကာ ငြိမ်းချမ်းသာယာဝပြောသော အနာဂတ်နိုင်ငံတော်ကို အတူတကွစည်းလုံးစွာဖြင့် အရောက်လှမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုးမည်

ပုသိမ် အောက်တိုဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ကို စိုက်ပျိုးသွားမှာပါ။ လက်ရှိမှာတော့ သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်)တွေ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့စိုက်ပျိုးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်) စိုက်ပျိုးတဲ့လုပ်ငန်းတွေ အပါအဝင် ဆောင်းသီးနှံတွေအားလုံး အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) ကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်)ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၇၄ ရက် သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဘုရား၊ စေတီ၊ပုထိုးသာသနိုက အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းနှင့် စစ်ကိုင်းတံတား(အင်းဝ)သံဘောင်များဖယ်ရှားရှင်းလင်းခြင်းများ စစ်ဆေး

မန္တလေး အောက်တိုဘာ ၁၄

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်သို့ရောက်ရှိပြီး မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် မဟာမုနိရုပ်ရှင်တော်နှင့် ဘုရားကြီးပရဝဏ်အတွင်းရှိ သာသနိုကအဆောက်အအုံများ ထိခိုက်ပြိုကျ ပျက်စီးဆုံးရှုံးခဲ့မှုဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍အမရပူရမြို့နယ်ရှိ ရေးဟောင်းသမိုင်းဝင်သံသေကပ် ကျော်ဆုတောင်းပြည့် မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ပြီး လှည့်လည်ကြည့်ရှုစဉ် တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြရာ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် စေတီအပေါ်ပိုင်းတစ်ခုလုံးနှင့် ဂန္ဓကုဋီတိုက်အောက်ပိုင်းတို့ကို အကြီးစားပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းတံတား(အင်းဝ) တံတားသံဘောင်အချို့ကို ရေကြောင်းသွားလာမှုများ အဆင်ပြေစေရေးအတွက် စနစ်တကျ ဖယ်ရှားခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

မန္တလေး အောက်တိုဘာ ၁၄

"ဘေးဒဏ် ကြံ့ကြံ့ခံနိုင်ရေး၊ သုံးစွဲဘဏ္ဍာ တိုးမြှင့်ပေး(Fund Resilience, not disasters)" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မျက်မှောက်ကာလ၌ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများ ရင်ဆိုင် ကြုံတွေ့နေရကြောင်း၊ ကဏ္ဍပေါင်းစုံမှ အကောင်အထည် ဖော်ဆောင်ရွက်နေသည့် ရေရှည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရေးမှာ သဘာဝဘေးများကြောင့် ဆုံးရှုံးမှု လျော့ပါးနိုင်သမျှလျော့ပါးရေးသည် အဓိကကျကြောင်း၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများတွင် ပြည်သူ့ဘဏ္ဍာ ရန်ပုံငွေ ခိုင်မာတောင့်တင်းစေရန် ပိုမိုအားဖြည့် ဆောင်ရွက်ခြင်းအပြင် အပြည်ပြည်ဆိုင်ရာအကူအညီများ ရရှိစေရေးဆောင်ရွက်ခြင်း၊ ပြည်သူပိုင်ကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကဏ္ဍ အားလုံးတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများကို ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များ၏ဆိုးကျိုးများကို လျှော့ချနိုင်စေရန် ရည်ရွယ်ပြီး ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားကို "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ သုံးစွဲဘဏ္ဍာတိုးမြှင့်ပေး (Fund Resilience, not disasters)" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ သဘာဝဘေး လျှော့ပါးရေးလုပ်ငန်းစဉ်များတွင် ကျရာကဏ္ဍအလိုက် အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres ၏ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အတွက် ပြောကြားသည့် အမှာစကားရုပ်သံနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်မှတ်တမ်း Video Clip တို့ကို ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၉၁၉၀ စိုက်ပျိုးမည်

ကလေး အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၉၁၉၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၉၁၉၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲတီစိမ်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်းဧက ၉၁၉၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ (၂၀၆)

သာစည်မြို့နယ် နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် အောက်တိုဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၅၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နတ်မြောင်းကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၅၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေ

ညောင်တုန်း အောက်တိုဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိသာ ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ဝယ်ယူမှု အားကောင်းမွန်လာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် တိုင်ထောင်ပဲသီး တစ်ပိသာလျှင် ငွေကျပ် ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအား များနေပါတယ်။ လက်ရှိ တိုင်ထောင်ပဲသီး တစ်ရက်ကို ပိသာချိန် ၃၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ တိုင်ထောင်ပဲသီးတွေကို ညောင်တုန်းမြို့နယ် ဒေသဈေးကွက်အပြင် အခြားဒေသတွေကနေ ဝယ်ယူမှုတွေရှိပါတယ်။ အခုလိုဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေဝယ်ယူအား ကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်" ဟု ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက်ရာသီပေါ် ဟင်းသီးဟင်းရွက်များပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူအားကောင်းကာ အရောင်းအဝယ်ကောင်းလာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထူပါရုံစေတီနှင့် အနန္တသူရိယကျောင်းကျောက်စာ

မောင်သာ(ရွေးဟောင်းသုတေသန)

စစ်ကိုင်းမြို့ ပိုးတန်းရပ်ရှိ ထူပါရုံစေတီမြောက်ဘက် မဟာရံတံတိုင်းအတွင်း၌ ကျောက်စာ ၇၁ ချပ်ကို ထိန်းသိမ်းပြသထားသည့် ကျောက်စာရုံတစ်ခုရှိရာ ထူပါရုံစေတီကို အစွဲပြုလျက် ထူပါရုံကျောက်စာတိုက်ဟု အမည်တွင်သည်။

ကုန်းဘောင်ခေတ်ဘုရင်တစ်ပါးဖြစ်သည့် ဗဒုံမင်း(၁۷၈၂-၁၈၁၉)လက်ထက်တွင် မင်းမြေနှင့် သာသနာ့မြေ အကျယ်အဝန်းကို ကျောက်စာအထောက်အထားများဖြင့် ခွဲခြားစိစစ်ရန် နိုင်ငံတစ်ဝန်းရှိ ကျောက်စာများကို စုစည်းခဲ့သည်။ ထိုအလုပ်ကို တွင်းသင်းတိုက်ဝန်မဟာစည်သူဦးထွန်းညိုနှင့် သက်ပန်းအတွင်းဝန် ဗလရာဇကျော်ထင်တို့က တာဝန်ယူခဲ့ပြီး ကျောက်စာချပ်ပေါင်း ၁၀၀၀ ကျော် စုစည်းရရှိခဲ့သည်။ နိုင်ငံတစ်ဝန်း နေရာဒေသအသီးသီးမှ စုဆောင်းခဲ့သည့် ကျောက်စာများအနက် မသယ်ယူနိုင်သည့်ကျောက်စာများကို လမ်းခရီးတွင်ထားရစ်ခဲ့ကာ အချို့ကျောက်စာများကို စုပုံထားခဲ့သည်။

ရွေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ထိုစုပုံကျန်ရစ်ခဲ့သည့် ကျောက်စာများကိုဒေသအလိုက် စုစည်းပြီး ကျောက်စာရုံများတည်ဆောက်ကာထိန်းသိမ်းခဲ့သည်။ ၎င်းကျောက်စာရုံများတွင် စစ်ကိုင်းမြို့ရှိထူပါရုံကျောက်စာရုံသည် တစ်ခုအပါအဝင်ဖြစ်၍ ကျောက်စာ ၇၁ ချပ်ကို စုဆောင်းပြသထားသည်။ ထူပါရုံကျောက်စာရုံရှိ ကျောက်စာများသည် သက္ကရာဇ် ၅၃၃ ခုနှစ်မှ ၁၁၄၆ ခုနှစ်အတွင်း ရေးထိုးခဲ့သည့် ပုဂံ၊ ပင်းယ၊ အင်းဝ ခေတ်ထိုး ကျောက်စာများဖြစ်သည်။

ထူပါရုံကျောက်စာရုံတွင် ထိန်းသိမ်းထားသည့် ကျောက်စာတိုင် အမှတ် (၂၂) သည် အနန္တသူရိယ ကျောင်းကျောက်စာဖြစ်သည်။ ၎င်းကျောက်စာသည် မူလထိုးနှစ်မျက်နှာကျောက်စာဖြစ်၍ မြန်မာဘာသာ စကားဖြင့်ရေးထိုးထားသည်။ ကျောက်စာရှေ့မျက်နှာတွင် စာကြောင်းရေ ၃၂ ကြောင်းနှင့် ကျောဘက်တွင် စာကြောင်းရေ ၃၈ ကြောင်းပါရှိသည်။

ကျောက်စာသည် အင်းဝဘုရင် ထူပါရုံဒါယကာ နရပတိကြီး(၁၄၄၃- ၁၄၆၉)၏ အထိန်းတော်သားဖြစ်သော အနန္တသူရိယက သက္ကရာဇ် ၈၁၀ ပြည့်နှစ် ကဆုန်လတွင် ဘုရားတည်ကျောင်းဆောက်၊ မြေ၊ ထန်း၊ ကွမ်း၊ အုန်း၊ ပိန္နဲ၊ သရက်များ လျူဒါန်းသည့် အလျှုမှတ်တမ်းဖြစ်သည်။

ထူပါရုံစေတီ၏ သမိုင်းနောက်ခံ

ထူပါရုံစေတီသည် စစ်ကိုင်းမြို့၏အနောက်ဘက်တွင်တည်ရှိ၍ အင်းဝဘုရင်နရပတိက ၁၄၄၄ ခုနှစ်တွင် ထူပါရုံကိုတည်ခဲ့သည်။ နရပတိသည် အင်းဝဘုရင်မိုးညှင်းမင်းတရား(၁၄၂၇-၁၄၄၀)၏သားတော်အငယ်ဖြစ်သည်။ မိုးညှင်းမင်းတရားသည် ၁၄၄၀ ပြည့်နှစ်တွင် အနိစ္စရောက်ပြီးနောက် သားတော်အကြီး မင်းရဲကျော်စွာ (၁၄၄၀-၁၄၄၃)က အင်းဝထီးနန်းကို ဆက်ခံခဲ့သည်။ မင်းရဲကျော်စွာသည် သုံးနှစ်သာ ထီးနန်းစံပြီးနောက် အနိစ္စရောက်ခဲ့သဖြင့် ညီတော် ပြည်မင်းသီဟသူက အင်းဝဘုရင်ဖြစ်လာခဲ့သည်။

ပြည်မင်းသီဟသူသည် ဘုရင်ဖြစ်လာချိန်တွင် သီရိတြိဘုဝနာဒိတျနရပတိပဝရ မဟာခမ္မရာဇာ ဓိရာဇဓိပတိဘွဲ့ကိုခံယူခဲ့သဖြင့် နောင်အခါတွင် နရပတိအမည်ဖြင့် ထင်ရှားခဲ့သည်။

အင်းဝဘုရင် နရပတိသည် သက္ကရာဇ် ၈၀၆ ခုနှစ်တန်ဆောင်မုန်းလဆန်း ၁၃ ရက် (၁၄၄၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်) သောကြာနေ့တွင် လောကမှန်ကူးဘွဲ့တော်ယူ၍ ဥဏှတောင်အတောင် ၁၃၀ မြင့်သည့်ထူပါရုံစေတီကို ပန္နက်တင်ကာ စတင်တည်ခဲ့သည်။ စေတီ၏လုံးပတ်သည် ၂၅၄ တောင်ရှိ၍ ဖိနပ်တော်သည် ၈၄ တောင်နှင့် နှစ်မိုက်ရှိကြောင်း ထူပါရုံစေတီသမိုင်းတွင် ဖော်ပြထားသည်။ နရပတိမင်းသည် ထူပါရုံစေတီကို ၁၀ နှစ်ကြာ တည်ခဲ့ရပြီး ၁၄၄၅ ခုနှစ်တွင် ပြီးစီးအောင်မြင်သဖြင့် ရွှေထီးတင်ကာ ရေစက်သွန်းချခဲ့သည်။

အင်းဝခေတ်ထိုးကျောက်စာများ

မြန်မာ့သမိုင်းတွင် ကာလရှည်လျားစွာတည်တံ့ခဲ့သည့် အင်းဝခေတ်ကို ပထမအင်းဝခေတ်မှ စတုတ္ထအင်းဝခေတ်ထိ အပိုင်းလေးပိုင်း ပိုင်းခြားခဲ့သည်။ အင်းဝခေတ်သည် သတိုးမင်းဖျား(၁၃၆၄-၁၃၆၈)

စစ်ကိုင်းမြို့ရှိ ထူပါရုံစေတီကို ဖူးတွေ့ရစဉ်။

စတင်နန်းစံသည့် ၁၃၆၄ ခုနှစ်မှ ကုန်းဘောင်ဆက်ဘုရင်စစ်ကိုင်းမင်း(၁၈၁၉-၁၈၃၇) ထီးနန်းကျသည့် ၁۷၃۷ ခုနှစ်ထိ ၄۷၃ နှစ် ကြာမြင့်ခဲ့သည်ဟု ယူဆမှုများရှိခဲ့သည်။

သို့သော် ဒုတိယအင်းဝခေတ်(၁၅၉۷-၁۷၅၁)ကို ညောင်ရမ်းခေတ်ဟု သတ်မှတ်ထားကာ တတိယအင်းဝခေတ်နှင့် စတုတ္ထအင်းဝခေတ်သည် အင်းဝ၌ ကုန်းဘောင်ဘုရင်များ နန်းစိုက်ခဲ့ချိန်ကို ထည့်သွင်းထားခြင်းဖြစ်သည်။ တတိယအင်းဝခေတ်ဟုဆိုသည့် ၁۷၆၃ ခုနှစ်မှ ၁۷၈၂ ခုနှစ်ထိကာလတွင် အင်းဝ၌ မြေဒူးမင်း(၁۷၆၃-၁۷۷၆)နှင့် စဉ်ကူးမင်း (၁۷۷၆-၁۷၈၂)တို့အပြင် ဖောင်းကားစားမောင်မောင်က ၁۷၈၂ ခုနှစ်တွင် အင်းဝထီးနန်းကို ခုနစ်ရက်ကြာ သိမ်းပိုက်ခဲ့သည်။ အင်းဝ၌ စစ်ကိုင်းမင်း နန်းစိုက်ခဲ့သည့်ကာလကိုလည်း စတုတ္ထအင်းဝခေတ်ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ပုဂံခေတ်မှစ၍ မြန်မာဘုရင်များသည် မိမိတို့၏ကောင်းမှုကုသိုလ်များကို ကျောက်စာရေးထိုးစိုက်ထူလေ့ရှိခဲ့ရာ အင်းဝခေတ်တွင်လည်း ဘုရင်နှင့် မိဖုရားများ၊ မင်းသား၊ မင်းသမီး၊ မှူးမတ်များရေးထိုးခဲ့သည့် အလျှုမှတ်တမ်းကျောက်စာများကို တွေ့ရှိနိုင်သည်။ ထိုကျောက်စာများတွင် ဘုရင်များ၏ဘုန်းတန်ခိုးကြီးမားပုံကို ထည့်သွင်းရေးထိုးလေ့ရှိခဲ့သဖြင့် အင်းဝဘုရင်မင်းဆက်၊ အင်းဝခေတ်နိုင်ငံရေး အခြေအနေတချို့နှင့် အင်းဝခေတ် နန်းဓလေ့ ထုံးတမ်းတချို့ကို လေ့လာခွင့်ရရှိနိုင်သည်။ ထို့ကြောင့် အင်းဝခေတ်ထိုး အနန္တသူရိယကျောင်းကျောက်စာတွင် ရေးထိုးထားသည့် နရပတိမင်းကြီး ဘိသိက်ခံပုံ အစီအရင်များနှင့် အင်းဝခေတ်ဘုရင်များဆင်မြန်းသည့် ဓလေ့ထုံးတမ်းအဝတ်တန်ဆာများကို သိရှိနိုင်ခဲ့ကြသည်။

အနန္တသူရိယကျောင်းကျောက်စာပါ ဘိသိက်ခံပွဲ

အနန္တသူရိယကျောင်းကျောက်စာကို နရပတိ အထိန်းတော်သား အနန္တသူရိယက ရေးထိုးခဲ့သဖြင့် ကျောက်စာရေးထိုးသူ၏ အမည်ကိုအစွဲပြုကာ အနန္တသူရိယကျောင်းကျောက်စာဟု ထင်ရှားခဲ့သည်။ ကျောက်စာကို ရေးထိုးသည့်ရက်သည် သက္ကရာဇ် ၈၁၀ ပြည့်နှစ် ကဆုန်လဆန်း ၁၃ ရက် ဟု ကျောက်စာ ပထမစာကြောင်းတွင် ရေးထိုးထားသည်။ (ထိုရက်စွဲသည် ၁၄၄၈ ခုနှစ် ဧပြီ ၁၅ ရက်ဖြစ်သည်။)

ကျောက်စာတွင် ပုဂံ၊ စစ်ကိုင်း၊ ပြည်၊ ပင်းယ၊ မိုးညှင်း၊ ကလေး၊ ရခိုင်၊ သံတွဲ၊ ပုသိမ်၊ မြောင်းမြတို့ကို နရပတိမင်းကြီးက အစိုးရကြောင်းအစချီကာ သိုင်ဘွားသည် နရပတိမင်းကြီး၏ ကျွန်ဖြစ်လာပြီး သိုင်ဘွား၏ သားသိုကီဘွားနှင့် သိုပုမ်ဘွားတို့ အပါအဝင် မြေးများကအစ နရပတိမင်းကြီး၏ ခြေရင်းသို့ ရောက်လာကြောင်း ရေးထိုးထားသည်။

ထို့နောက် အရိမဒ္ဒန(ပုဂံ)ပြည်၌ ဖြစ်သော မင်းတို့၏ အစီအရင်ဖြစ်သည့် သဖန်းပျဉ်၊ ခရုသင်းလက်ယာရစ်တို့ဖြင့် ဘိသိက်ခံပုံကို မှတ်တမ်းတင်ထားသည်။ နရပတိမင်းကြီးသည် ရွှေအတိပြောင်သော ရွှေနန်းတော်ကိုတည်ဆောက်၍ ဗေဒင်တတ်သောပညာရှိတို့က သင့်မြတ်သော အစီအရင်ကိုစီရင်ကာ ဘိသိက်သွန်းခဲ့သည်။ ထိုအခမ်းအနားတွင် ဟံသာဝတီပြည်မှရရှိသော ခရုသင်းလက်ယာရစ်၊ နဂရပြည်မှရရှိသော ခရုသင်းလက်ယာရစ်နှင့် သုရတန်ပြည်မှရရှိသော ခရုသင်းလက်ယာရစ်တို့ဖြင့် များစွာသော ရတနာများ စီခြယ်ထားသည့် သဖန်းပျဉ်ထက်သို့ ဘိသိက်သွန်းခဲ့ကြောင်း ဖော်ပြထားသည်။ ခရုသင်းလက်ယာရစ်ဖြင့် သဖန်းပျဉ်ထက်သို့ ရေသွန်းကာ ဘိသိက်ခံသည့် ထုံးတမ်းသည် ပုဂံခေတ်ကတည်းက ဘုရင်များ ကျင့်သုံးခဲ့သည့် ထုံးတမ်းတစ်ရပ်ဖြစ်သည်။

သမိုင်းပါမောက္ခ ဒေါ်အုန်းကြည်က သဖန်းပျဉ်ထက်၌ ရေသွန်းကာဘိသိက်ခံခြင်းသည် သဖန်းသားနှင့်ပတ်သက်၍ အောင်မြင်သည်၊ မင်္ဂလာရှိသည်ဟူသည့် အယူအဆရှိပုံရကြောင်းသုံးသပ်ခဲ့သည်။

ဆက်လက်၍ ဘုရင်၏ ဘိသိက်ခံအခမ်းအနားတွင် ဘုရင်နှင့်မိဖုရားတို့ ဝတ်စားဆင်ယင်ခဲ့ပုံကို မှတ်တမ်းတင်ခဲ့သဖြင့် အင်းဝဘုရင်၏ အဆောင်အယောင်ပုံစံကို အထိုက်အလျောက် သိရှိနိုင်ခဲ့ကြသည်။ အင်းဝဘုရင်သည် ရွှေသင်းကျစ် (နဖူးတွင် ဆင်မြန်းသည့် အဆင်တန်ဆာ)၊ ရွှေဥသ္သောင် (ဦးခေါင်းတွင် ဆင်မြန်းသည့် အဆင်တန်ဆာ)၊ ရတနာအပြည့် စီခြယ်ထားသည့် ရွှေအင်္ကျီ၊ ပုလဲ၊ သန္တာများဖြင့် အတိပြီးသော အင်္ကျီတို့ကို ဝတ်ဆင်သည်။

ဘုရင့်မိဖုရားသည် ဦးခေါင်းအဆင်တန်ဆာများ ဖြစ်သည့် ရွှေယကင်၊ ရွှေခရုချောင်းနှင့် ရွှေဆံထုံးမြီးရစ်တို့ကို ဆင်မြန်းကာ အထူးထူးသော အဝတ်တန်ဆာတို့ကို ဆင်ယင်သည်။ ထို့အတူ ဇမ္ဗူရစ်ရွှေစင်ပန်းကုံး၊ ပုလဲပန်းကုံး၊ သန္တာပန်းကုံး၊ ရတနာပန်းခက်၊ ပတ္တမြား၊ ပုလဲ၊ သန္တာစသည့် ရတနာ ခုနစ်ပါးစီခြယ်ထားသည့် ရွှေထဘီတို့ကို ဆင်ယင်ထားရာ ရွှေထဘီသည် အဖိုးတစ်သိန်းထိုက်တန်သည်။ တစ်ဖက်လျှင် တစ်သောင်းပေးရသည့် ပတ္တမြားနားတောင်းကို လည်းပန်ဆင်သည်။

ဘိသိက်ခံပွဲတွင် ရာဇပရိက္ခရာများကို အသုံးပြုခဲ့ရာ ၎င်းတို့သည် ရှစ်ထောင့်လက်တင်၊ လက်တင်ကြာ၊ ကြာကွမ်းချပ်၊ ကွမ်းချပ်အနိမ့်၊ ကွမ်းချပ်အမြင့်၊ ကွမ်းလောင်းသောရေတင်တို့ဖြစ်ကြောင်း ကျောက်စာတွင် ဖော်ပြထားသည်။ ထိုရာဇပရိက္ခရာများသည် ကုန်းဘောင်ခေတ်သုံး မင်းခမ်းတော်ပစ္စည်းများတွင် ပါဝင်ခဲ့သည်။ ရတနာပစ္စည်းများအဖြစ် ရတနာမုဆေလင်ပန်း၊ ရတနာဖလား၊ ရတနာသန်လျက်၊ ဆင်မြင်းတို့တွင် လူထိုင်ရန် ပြုလုပ်ထားသည့် ရတနာနှင့် ရတနာထမ်းစင်တို့ဖြစ်ကြသည်။

မင်းခမ်းမင်းနားတွင် လိုက်ပါရသည့် မိဖုရားကြီး၏ တူရိယာအဖွဲ့တွင် မိန်းမတီးသောစည်ကြီး၊ နောင်နင် (ကြေးနောင်)၊ ခွက်ခွင်း(လင်းကွင်း)နှင့် နရည်း(ပတ်သာ၊ ပုံ၊ မောင်း၊ နှဲ၊ ကြေးနင်းနှင့် လင်းကွင်း)တို့ ပါဝင်ကြောင်း ပါမောက္ခဒေါ်အုန်းကြည်က ရှင်းလင်းခဲ့သည်။

ကျောက်စာ၏ မျက်နှာဘက်အောက်ဆုံးပိုင်းတွင် နရပတိပဝရ မဟာခမ္မရာဇာဓိရာဇဓိပတိကြာ မင်းကြီး၏အထိန်းတော်သား အမတ်ကြီး အနန္တသူရိယသည် သာသနာ ၅၀၀၀ တည်စိမ့်သောဌာ နရပတိမင်းကြီး၏ကောင်းမှုတော် ထူပါရုံစေတီနှင့် ကျောင်း၏အရံ၌ ရွှေကျောင်းပြုကြောင်း ရေးထိုးထားသည်။ ထို့အတူ စစ်ကိုင်းမြို့၏ မြောက်ဘက်တွင် ရတနာဂိရိဘုရားနှင့် မဟာဝိဟာရကျောင်းကို တည်ထားခဲ့သည်။

မြေနှင့် အခြားအလှူများ

ကျောက်စာ၏ ကျောဘက်မျက်နှာတွင် အနန္တသူရိယ၏ ကောင်းမှုအလှူများကို အကျယ်တဝင့် ရေးထိုးထားရာ မိမိလှူဒါန်းခွင့်ရရှိရန် ဘုရင့်ထံ တန်ဖိုးကြီးသော လက်ဆောင်များဆက်သ၍ ခွင့်ပန်ခဲ့ကြောင်း တွေ့ရှိနိုင်သည်။ ကျောက်စာအစ စာကြောင်း၌ ရွှေလက်ကောက်နှစ်ကွင်း ၄၅ ကျပ်သား၊ ရွှေဖလားနှစ်လုံး ၃၅ ကျပ်သား၊ ငွေလင်ပန်းနှစ်ချပ် အချိန် ၃၀၀ တို့ကို လက်ဆောင်ဆက်သကြောင်း ဖတ်ရှုရသည်။ လျူဒါန်းရန် ခွင့်ပန်သည့် မြေသည် ပယ် ၁၁၀၀ ဖြစ်၍ ထူပါရုံစေတီ၏ တောင်ဘက်တွင် ၅၅၅ ပယ်နှင့် မြောက်ဘက်တွင် ၅၅၅ ပယ်ဖြစ်သည်။

ဘုရင့်ထံခွင့်ပန်ချိန်တွင် မင်း၏ရှေ့မှောက်၌ ရှိနေသူများကို အမည်များနှင့်တကွ မှတ်တမ်းတင်ရေးထိုးထားသည့်အပြင် မော်ကွန်းတင်သူသည် တပ်ကြီးသူကြီးဖြစ်၍ မြေတိုင်းသူများသည် ဇေယျဘဒြာနှင့် အရှေ့ဘက်သူကြီးတို့ဖြစ်ကြောင်း ဖတ်ရှုရပေသည်။

စာမျက်နှာ ၅ သို့ á

လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်

မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒုံအပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၁၂ ဧက စိုက်ပျိုးမည်

ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ကျောက်မြောင်း အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၁၂ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၁၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျကြောင်း၊ တစ်ဧက စိုက်ပျိုးပါက မြေပဲတင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ်ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက် ကင်းစင်စေရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးစွဲမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

ထို့နောက် ရွာ၊ ထန်း၊ ကွမ်း၊ အုန်း၊ သရက်၊ ပိန္နဲပင်တို့ကိုလျှုဒါန်းသည်။ ထိုသို့လျှုဒါန်းရာတွင် ဘုရားပြုပြင်ထိန်းသိမ်းရန် မည်မျှ၊ ဆွမ်း၊ ဆီမီး ကပ်ရန် မည်မျှ၊ ဝိဋ္ဌကတ်ပြုပြင်ရန် မည်မျှ၊ ကျောင်းပြုပြင်ရန် မည်မျှ၊ ကျောင်းထိုင်ပုဂ္ဂိုလ်အတွက် မည်မျှ၊ ကျောင်းနေသံဃာများအတွက် မည်မျှဟု ခွဲဝေသတ်မှတ်ခဲ့သည်။

အမတ်ကြီးသည် ကျောက်စာတွင် မိမိအလှူကောင်းမှုအတွက် ကျိန်စာနှင့်ဆုတောင်းစာတို့ကိုလည်း ထည့်သွင်းရေးထိုးခဲ့ရာ မိမိအလှူကို ဖျက်ဆီးသူ၊ စားလို၍ လုယက်သူတို့သည် ဤလူ့ဘဝတွင် အပြစ်ရှစ်ပါးရောက်စေသတည်း။ သေလွန်ပြီးလျှင် အဝီစိငရဲ၌ ဒေဝဒတ်ခံရသည်ထက် အဆတစ်သိန်းခံရပါစေဟုအစချီကာ ထိတ်လန့်ဖွယ်ကျိန်ဆိုခဲ့သည်။ မိမိအလှူကို ချီးပင့်သောသူများသည် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ဟူသည့်ချမ်းသာ သုံးပါးကို ရရှိပါစေဟု ဆုတောင်းခဲ့သည်။ မိမိကိုယ်တိုင်ကမူ ဒီပက်ရာဘုရားရှင်လက်ထက်တွင် ဂေါတမဘုရားလောင်းဗျာဒိတ်တော်ရသကဲ့သို့ အရိမေတ္တေယျဘုရားရှင်၏ ဒါယကာမင်းဖြစ်လျက် ဗျာဒိတ်ရကာ ဘုရားဖြစ်လိုကြောင်း ဆုပန်ခဲ့သည်။

အနန္တသူရိယကျောင်းကျောက်စာသည် နရပတိမင်းကြီးလက်ထက် အင်းဝ၏ပိုင်နက်၊ အင်းဝဘုရင်၏ ကြီးမားကျယ်ပြန့်သော သြဇာအာဏာ၊ မိုးညှင်းမင်းလက်ထက်က ထောင်ထားခြားနားခဲ့သည့် နယ်များကို ပြန်လည်သိမ်းယူနိုင်ခြင်းနှင့် အလှမ်းဝေးသည့်ဒေသများမှ စော်ဘွား၊ နယ်စားများကို ထိန်းချုပ်နိုင်ခြင်းအပါအဝင် အင်းဝသမိုင်း အထောက်အထားများကို လှစ်ဟပြနေသည့် မှတ်တမ်းတစ်ခုဖြစ်လာခဲ့ပေသည်။

ကိုးကား

- **ထူပါရုံကျောက်စာအတွဲ (၁) (ယဉ်ကျေးမှုဝန်ကြီးဌာန)**
- **မြန်မာ့သမိုင်းသုတေသန စာစောင်အမှတ် (၁၁) (တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန)**
- **ထူပါရုံဘုရားသမိုင်း(လယ်တီဦးလှပိုင်)**

ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့

- ထာဝရငြိမ်းချမ်းပန်း
  လက်တစ်ကမ်းရောက်လို့နေ၊
  တွဲလက်တွေမဖြုတ်တမ်း
  စိတ်ဝမ်းညီစေ၊
  မြတ်နိုးဖွယ် "အင်နန်စီအေ"
  လှမ်းခဲ့ပေ ဆယ်နှစ်ခရီး၊
  ငြိမ်းချမ်းရေး ပန်းတိုင်ကြီး
  လှမ်းကိုင်လုနီး။။

- စားပွဲဝိုင်း နိုင်ငံရေး
  ကျောပေးလို့ မကြည်ယုံ၊
  အိုင်ပျက်ရုံ အကြိုအကြား
  ထောင်ထားလို့ခုန်၊
  ပြည်သူ့ဘဝ မလုံခြုံ
  သိုက်မြုံတွေ ပျက်ကြေပြုန်း၊
  စစ်ဘေးဒဏ် ဟိုသည်ပုန်း
  မြင်လှည့်ပါအုံး။။

- စိန်ခေါ်မှု ကျော်ကာဖြတ်
  ရလဒ်က ရောင်နီဖြာ၊
  ဖိတ်ခေါ်ကာ ခါခါကမ်း
  ဖက်ယမ်းကြိုမှာ၊
  သွေးချင်းမို့ အခါခါ
  နွေးထွေးစွာစောင့်စား၊
  အမှောင်ကို ရှောင်ဖယ်ရှား
  ပန်းတိုင်ဆီ အတူသွားဖို့
  လှမ်းခဲ့ပါလား။။ ။

NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုပါသည်။

ကျော်စောဟန်

ကျောက်ဆည်မြို့နယ် အုန်းခရိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကျောက်ဆည် အောက်တိုဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းခရိုင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့်စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၇၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အုန်းခရိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၀၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၇၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နီလာ**

နိုင်ငံတကာ သတင်းများ

ရာထူးမှ နုတ်ထွက်မည်မဟုတ်ကြောင်း ပြင်သစ်သမ္မတ ပြောကြား

ပဲရစ် အောက်တိုဘာ ၁၄

ရာထူးမှ နုတ်ထွက်ပေးရန် အတိုက်အခံ အင်အားစုများ၏ တောင်းဆိုချက်ကို ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က အောက်တိုဘာ ၁၃ ရက်တွင် ငြင်းပယ်ခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် သမ္မတမက်ခရွန်၏ အစိုးရအဖွဲ့သစ်မှာ လွှတ်တော်၌ အယုံအကြည်မရှိအဆို တင်သွင်းမှုများနှင့် ရင်ဆိုင်ရတော့မည့်အခြေအနေတွင် ရာထူးမှ နုတ်ထွက်ပေးရန် မက်ခရွန်က ငြင်းပယ်ထားခြင်းဖြစ်သည်။

မိမိအနေဖြင့် လက်ရှိ သမ္မတရာထူး ဒုတိယသက်တမ်းကုန်ဆုံးချိန်ထိ သမ္မတတာဝန် ဆက်လက်ရယူမည်ဖြစ်ကြောင်း သမ္မတမက်ခရွန်က ထုတ်ဖော်ပြောကြားခဲ့သည်။

အလားတူ အတိုက်အခံ အင်အားစုများအနေဖြင့် ပြင်သစ်နိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုကို ဖျက်ဆီးရန် ကြိုးပမ်းနေကြောင်းလည်း သမ္မတမက်ခရွန်က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဝန်ကြီးချုပ် အီဘက်ရှန်လီကော်နူး ဦးဆောင်သော ပြင်သစ်အစိုးရအဖွဲ့သစ်အပေါ် အယုံအကြည်မရှိအဆိုတင်သွင်းရန် ပြင်သစ်အတိုက်အခံ အင်အားစုများက စီစဉ်ထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း လွှတ်တော်ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စောရ၍ သမ္မတမက်ခရွန်က ကျင်းပခဲ့ပြီးနောက် ပြင်သစ်နိုင်ငံမှာ နှစ်ပေါင်းများစွာအတွင်း အပြင်းထန်ဆုံး နိုင်ငံရေးအကျပ်အတည်းနှင့် စတင်ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ဗင်နီဇွဲလား၌ ရွှေတွင်းပြိုကျမှုကြောင့် အနည်းဆုံး ၁၄ ဦး သေဆုံး

ကာရာကတ်စ် အောက်တိုဘာ ၁၄

ဗင်နီဇွဲလားနိုင်ငံ တောင်ပိုင်း အယ်လ်ကယ်လာအိုမြို့ရှိ ရွှေတွင်းတစ်တွင်း၌ တွင်းပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၄ ဦး သေဆုံးခဲ့ရကြောင်း ဗင်နီဇွဲလားတာဝန်ရှိသူများက အောက်တိုဘာ ၁၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အယ်လ်ကယ်လာအိုမြို့၌ နေ့စဉ်ရက်ဆက် မိုးရွာခဲ့ပြီးနောက် ရွှေတွင်းပြိုကျမှု ဖြစ်ပွားခဲ့ရခြင်း ဖြစ်ကြောင်း ဗင်နီဇွဲလားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် ရွှေတွင်းပြိုကျချိန် အသက်ရှင်ကျန်ရစ်သူများကို ကယ်ထုတ်ရေးအတွက် ရှာဖွေ ကယ်ဆယ်ရေးသမားများက ကြိုးပမ်းလျက်ရှိသည်။

ကယ်ဆယ်ရေးလုပ်ငန်းအတွက် ပထမအဆင့်အနေဖြင့် ရွှေတွင်းထဲရှိ ရေများကို စုပ်ထုတ်နေကြောင်း ဗင်နီဇွဲလားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အယ်လ်ကယ်လာအို မြို့သည် ရွှေတူးဖော်မှုလုပ်ငန်းကို အမှီပြုထားသည့်မြို့ဖြစ်ပြီး မြို့သူ၊ မြို့သားအများစုမှာ ရွှေတူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်နေသူများဖြစ်ကြသည်။

ဗင်နီဇွဲလားနိုင်ငံ၌ အဖိုးတန်သတ္တုတူးဖော်ရေး လုပ်ငန်းများ အားကောင်းသော်လည်း စည်းမျဉ်း၊ စည်းကမ်းလိုက်နာမှု အားနည်းချက်များကြောင့် လုပ်ငန်းခွင် မတော်တဆမှုများ မကြခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။ Ref : RT

Trs : KKO

သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒေသတွင်းခေါင်းဆောင်များ ရှမ်အယ်လ်ရှိတ်ခ်ညီလာခံ၌ ဂါဇာကြေညာချက် လက်မှတ်ရေးထိုး

ရှမ်အယ်လ်ရှိတ်ခ် အောက်တိုဘာ ၁၄

အီဂျစ်နိုင်ငံ ပင်လယ်နီဆိပ်ကမ်းမြို့ဖြစ်သည့် ရှမ်အယ်လ်ရှိတ်ခ်မြို့၌ အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပခဲ့သော ဂါဇာငြိမ်းချမ်းရေးနိုင်ငံတကာညီလာခံ၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒေသတွင်း ခေါင်းဆောင်များက ဂါဇာကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပိုမိုခိုင်မာစေရေးအတွက် ဂါဇာကြေညာချက်ကို အမေရိကန်သမ္မတ၊ကာတာ၊ အီဂျစ်နှင့် တူရကီယဲခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့က ဓားစာခံနှင့် အကျဉ်းသားများ အပြန်အလှန်လွှတ်ပေးခဲ့ပြီးနောက် ဂါဇာကြေညာချက်ကို သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒေသတွင်း ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

သမ္မတဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်အရ အစ္စရေးနိုင်ငံနှင့် ဟားမတ်စ်အုပ်စုတို့သည် အောက်တိုဘာ ၈ ရက်တွင် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများပြန်လွှတ်ရေးသဘောတူညီချက်ကို ရယူနိုင်ခဲ့သည်။

ယင်းသဘောတူညီချက်အရ ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုသည် အောက်တိုဘာ ၁၃ ရက်တွင် ၎င်းတို့ ဖမ်းဆီးထားသော လက်ကျန်ဓားစာခံ ဦးရေ ၂၀ ကို ပြန်လွှတ်ပေးခဲ့ပြီး အစ္စရေးနိုင်ငံ ကမ္ဘ ပါလက်စတိုင်းအကျဉ်းသား ၁၉၆၈ ဦးကို ပြန်လွှတ်ပေးခဲ့သည်။

အရှေ့အလယ်ပိုင်း ဒေသ၌ ငြိမ်းချမ်းရေး ရရှိဖြစ်ကြောင်း ဂါဇာကြေညာချက် လက်မှတ်ရေးထိုးပြီးနောက် သမ္မတဒေါ်နယ်ထရမ့်က ကြေညာခဲ့သည်။

Ref : Xinhua

Trs : KKO

အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူများကို ကြိမ်ဒဏ်ပေးနိုင်မည့် ဥပဒေပြင်ဆင်ချက် စင်ကာပူအဆိုပြုထား

စင်ကာပူ အောက်တိုဘာ ၁၄

စင်ကာပူနိုင်ငံ၏ ရာဇသတ်ကြီး ဥပဒေအဆိုပြု ပြင်ဆင်ချက်များအရ အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ၊ အွန်လိုင်း လိမ်လည်မှုနှင့် ဆက်စပ်နေသော ရာဇဝတ်မှုကျူးလွန်သူများကို ကြိမ်ဒဏ် အပြစ်ပေးနိုင်မည် ဖြစ်ကြောင်း စင်ကာပူမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



စင်ကာပူ ရာဇသတ်ဥပဒေ အဆိုပြု ပြင်ဆင်ချက်များအရ အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ အတွက် လူစုပေးနေသူများအနေဖြင့် ကြိမ်ဒဏ် ခြောက်ချက်နှင့် ၂၄ ချက်ကြား ပြစ်ဒဏ်နှင့်ရင်ဆိုင်ရမည်ဖြစ်သည်။

ယင်းအပြင် အွန်လိုင်းလိမ်လည်ရေး လုပ်ငန်းများ၏ အကျိုးအမြတ်များအား ငွေကြေးခဝါချပေးသူများကိုလည်း ကြိမ်ဒဏ် ၁၂ ချက်ထိ ရိုက်နှက်အပြစ်ပေးနိုင်မည်ဖြစ်သည်။

စင်ကာပူအစိုးရက ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ စင်ကာပူနိုင်ငံအနေဖြင့် ယခုနှစ် ပထမနှစ်ဝက်အတွင်း အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကြောင့် အမေရိကန်ဒေါ်လာ သန်း ၃၅၀ ကျော် ဆုံးရှုံးနစ်နာခဲ့ရသည်။

စင်ကာပူအစိုးရသည် စင်ကာပူပြည်သူများကြား အွန်လိုင်းလိမ်လည် စိမ့်ဝင်လာမှုကို တားဆီးရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

အွန်လိုင်း လိမ်လည်မှုများကို တားဆီးရေးအတွက် ရာဇသတ်ဥပဒေများ၊ ပြင်ဆင်ချက်များကို စင်ကာပူပြည်ထဲရေးဝန်ကြီးဌာနက အဆိုပြုထားခြင်းဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

ကုန်တင်သင်္ဘော ဆိပ်ကမ်းဝင်ကြေးများတိုးမြှင့်ကောက်ခံမှု တရုတ်နှင့် အမေရိကန်နိုင်ငံတို့ စတင်

ပေကျင်း အောက်တိုဘာ ၁၄

အမေရိကန်နိုင်ငံက ပိုင်ဆိုင်သော၊ အမေရိကန်၌ မှတ်ပုံတင်ထားသော ကုန်တင်သင်္ဘောများကို တရုတ်နိုင်ငံက ယနေ့မှစ၍ အထူးဆိပ်ကမ်းဝင်ကြေး စတင်ကောက်ခံမည် ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံက ပိုင်ဆိုင်ထားသော်လည်း တရုတ်နိုင်ငံ၌ တည်ဆောက်ခဲ့သည့် ကုန်တင် သင်္ဘောများကိုမူ အထူးဆိပ်ကမ်းဝင်ကြေး ကောက်ခံမှုမှ ကင်းလွတ်ခွင့်ပေးထားကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ထို့နည်းတူ အမေရိကန်နိုင်ငံကလည်း တရုတ်နိုင်ငံနှင့်ဆက်စပ်နေသည့် ကုန်တင်သင်္ဘောများကို ယနေ့မှစ၍ ဆိပ်ကမ်းဝင်ကြေး တိုးကောက်ရန် စီစဉ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလောက၊ သင်္ဘောတည်ဆောက်ရေးလောကကို စိုးမိုးထားနိုင်ရေးအတွက် တရားမျှတမှုမရှိသည့် မူဝါဒများ ကျင့်သုံးနေကြောင်း အမေရိကန်အစိုးရက စွပ်စွဲထားသည်။

သင်္ဘောဆိပ်ကမ်း ဝင်ကြေး အပြန်အလှန် တိုးမြှင့်ကောက်ခံရေးအစီအစဉ်များကြောင့် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား ကုန်သွယ်ရေးပဋ္ဌိပက္ခ ပိုရှုပ်ပြင်းထန်လာနိုင်သည်။

ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံများ ဖြစ်ကြသည့် တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် ကုန်သွယ်ရေးပြဿနာများကြောင့် ဆက်ဆံရေးတင်းမာနေကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

SpIRIT ဂြိုဟ်တုငယ်သည် ကမ္ဘာဂြိုဟ်ကို နောက်ခံထား၍ ပထမဆုံးဓာတ်ပုံကို အောင်မြင်စွာရိုက်ကူးနိုင်ခဲ့



ကင်ဘာရာ အောက်တိုဘာ ၁၄

သြစတြေးလျှနိုင်ငံ၏ SpIRIT ဂြိုဟ်တုငယ်သည် ကမ္ဘာဂြိုဟ်ကို နောက်ခံထား၍ ပထမဆုံးဓာတ်ပုံကို အောင်မြင်စွာရိုက်ကူးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများအရ သိရသည်။

SpIRIT ဂြိုဟ်တုငယ်သည် သြစတြေးလျှအာကာသအေဂျင်စီ၏ ပထမဆုံးအာကာသတယ်လီစကုပ်ဖြစ်ကြောင်း သိရသည်။

သြစတြေးလျှ အမျိုးသား အာကာသအေဂျင်စီသည် SpIRIT ဂြိုဟ်တုငယ်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် SpIRIT ဂြိုဟ်တုငယ်သည် တပ်ဆင်ထားသော စနစ်များအားလုံးကို အောင်မြင်စွာ စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း သြစတြေးလျှအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ထိုသို့ စမ်းသပ်ရာတွင် SpIRIT ဂြိုဟ်တုငယ်သည် လက်တံမြင့်မြင့်ထုတ်နိုင်သည့် ကင်မရာစနစ်ကို စမ်းသပ်ခဲ့ပြီး ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သြစတြေးလျှအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

SpIRIT ဂြိုဟ်တုငယ်သည် ကမ္ဘာပတ်လမ်းပေါ်၌ ရက်ပေါင်း ၆၀၀ ကြာရှိနေစဉ်အတွင်း ကမ္ဘာဂြိုဟ်ကို အပတ်ရေ ၉၀၀၀ ကျော် လှည့်ပတ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

စပေ့အိတ်ကုမ္ပဏီက Starship အာကာသဒုံးပျံ ၁၁ ကြိမ်မြောက်ပစ်လွှတ်စမ်းသပ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့

ဝါရှင်တန် အောက်တိုဘာ ၁၄

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship အာကာသဒုံးပျံ ၁၁ ကြိမ်မြောက် ပစ်လွှတ်စမ်းသပ်မှုကို အောက်တိုဘာ ၁၃ ရက်တွင် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship အာကာသဒုံးပျံကို တောင်တက္ကဆက်ဒေသ စတားဘေ့ အာကာသစခန်းမှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆ ဒသမ ၅ မိနစ်အကြာတွင် Starship ၏ ပင်မဒုံးယာဉ်ဖြစ်သည့် စူပါဟဲဗီးဒုံးပျံသည် မက္ကဆီကိုပင်လယ်ကွေ့အတွင်းသို့ အောင်မြင်စွာပြန်လည်ဆင်းသက်ခဲ့သည်။

Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး တစ်နာရီအကြာတွင် အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်းသို့ ပြန်လည်ဆင်းသက်ခဲ့သည်။

အောက်တိုဘာ ၁၃ ရက်မစ်ရှင်အတွက် Starship ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် ပုံစံတူ စတားလင့်ခ်ဂြိုဟ်တု ရှစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship အာကာသဒုံးပျံများကို ၁၁ ကြိမ် စမ်းသပ်ခဲ့ရာ ၁၀ ကြိမ်မြောက်နှင့် ယခု ၁၁ ကြိမ်မြောက် စမ်းသပ်ပစ်လွှတ်မှု နှစ်ခုသာ အပြည့်အဝ အောင်မြင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

Ichthyosaur ခေါ် ကမ္ဘာဦးရေနေသတ္တဝါမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဗြိတိန်သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ

လန်ဒန် အောက်တိုဘာ ၁၄

Ichthyosaur ခေါ် ကမ္ဘာဦးရေနေသတ္တဝါမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဗြိတိန်သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ ရေနေသတ္တဝါမျိုးစိတ်သစ်ကို Xiphodracan goldencapsis ဟူ၍ ဗြိတိန်သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Xiphodracan goldencapsis ရေနေသတ္တဝါများသည် လွန်ခဲ့သော နှစ်ပေါင်းသန်း ၁၉၀ ခန့် ဂျူရက်ဆစ်ဘူမိခေတ် အစောပိုင်းကာလတွင် ရှင်သန်ကျက်စားခဲ့သော ရေနေသတ္တဝါများဖြစ်ကြကြောင်း သိရသည်။

Xiphodracan goldencapsis များသည် အရွယ်အစားကြီးမားသော မျက်လုံးအိမ်နှင့် ရှည်လျားသည့် နှူတ်သီးတို့ကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

Ichthyosaur အုပ်စုဝင် ရေနေသတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ပြီးခဲ့သည့်နှစ်ပေါင်း ၂၀၀ အတွင်း ဗြိတိန်၊ ဂျာမနီတောင်ပိုင်းနှင့် ကနေဒါနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ ရှာဖွေတွေ့ရှိခဲ့ကြကြောင်း သိရသည်။

နောက်ဆုံးတွေ့ရှိထားရသည့် Xiphodracan goldencapsis များသည် ကိုယ်ခန္ဓာအရွယ်အစား ၁၀ ပေခန့်ထိ ရှိကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

HEALTH

Tramadol အကိုက်အခဲပျောက်ဆေးကို စိတ်ကျရောဂါကုဆေးဝါးများနှင့် တွဲသုံးပါက အတက်ပြဿနာပေါ်နိုင်ခြေ မြင့်တက်နိုင်

နယူးယောက် အောက်တိုဘာ ၁၄

Tramadol ခေါ် အကိုက်အခဲပျောက်ဆေးတစ်မျိုးကို စိတ်ကျရောဂါကုဆေးဝါးများနှင့် တွဲသုံးပါက အတက်ပြဿနာပေါ်လာနိုင်ခြေ မြင့်တက်လာတတ်ကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူနာဦးရေ ၇၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Tramadol ဆေးကို Cyp2D6 Inhibitorsအုပ်စုဝင် စိတ်ကျရောဂါဆေးများနှင့် တွဲသုံးပါက အတက်ပြဿနာပေါ်လာနိုင်ခြေ ပုံမှန်ထက် ၁၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်သည်။

Cyp2D6 Inhibitors အုပ်စုဝင်ဆေးများသည် Tramadol ဆေးကို အသည်းအင်္ဂါက ဖြိုခွဲပေးနိုင်စွမ်းကို ပိတ်ပင်တတ်သည်ဖြစ်ရာ ကိုယ်တွင်း၌ Tramadol များစုစည်းလာပြီး အတက်ပြဿနာပေါ်လာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း၊ အထက်ပါတွေ့ရှိချက်အရ ဆရာဝန်များအနေဖြင့် Tramadol ကို စိတ်ကျရောဂါဆေးဝါးများနှင့်တွဲသုံးပါက အတက်ပြဿနာပေါ်လာနိုင်မှုကို သတိထားရန်လိုကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO

ဆေးလိပ်ဖြတ်ခြင်းက ကင်ဆာရောဂါ နောက်ဆုံးအဆင့်လူနာများပင် အကျိုးရရှိနိုင်

နယူးယောက် အောက်တိုဘာ ၁၄

ဆေးလိပ်ဖြတ်ခြင်းသည် နောက်ဆုံးအဆင့် ကင်ဆာရောဂါလူနာများပင် အကျိုးရရှိခံစားနိုင်ကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ အခြားကိုယ်တွင်းအင်္ဂါများသို့ ကင်ဆာဆဲလ်များပျံ့နှံ့နေပြီဖြစ်သည့် လူနာများအနေဖြင့် ဆေးလိပ်ဖြတ်ခဲ့ပါက အသက်ရှင်သန်ချိန် တစ်နှစ်ခန့် ထပ်တိုးလာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဆေးလိပ်ကို မည်သည့်အချိန်တွင်ဖြတ်သည်ဖြစ်စေ ကျန်းမာရေးအရအကျိုး ခံစားနိုင်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ကင်ဆာရောဂါလူနာဦးရေ ၁၃၀၀၀ ကျော်ကို လေ့လာခဲ့ရာ ရောဂါရှာဖွေဖော်ထုတ်တွေ့ရှိခဲ့ပြီးနောက် ဆေးလိပ်ဖြတ်ခဲ့သည့် လူနာများသည် ဆေးလိပ်မဖြတ်သည့်လူနာများနှင့် နှိုင်းယှဉ်ပါက အသက်ရှင်သန်ချိန် တစ်နှစ်ခန့် ပိုများလာကြောင်း သိရသည်။

သို့ရာတွင် ဆေးလိပ်ဆက်လက်သောက်သုံးနေသောလူနာများမှာမူ ကင်ဆာရောဂါကြောင့် နှစ်နှစ်အတွင်း သေဆုံးနိုင်ခြေ ပုံမှန်ထက် နှစ်ဆခန့် မြင့်တက်လာကြောင်း၊ အခြားကိုယ်ခန္ဓာအစိတ်အပိုင်းများသို့ ကင်ဆာဆဲလ်များ ကူးစက်နေသည့်လူနာများပင်လျှင် ဆေးလိပ်ဖြတ်ခြင်း၏အကျိုးကို ရရှိနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO

Japan Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဘိုလ်တာတက်ရောက်

အိုဆာကာ အောက်တိုဘာ ၁၄

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပနေသည့် Japan Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ဗြိတိန်အဆင့်(၃) တင်းနစ်မယ် ဘိုလ်တာနှင့် ချက် တင်းနစ်မယ်နိစကိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုလ်တာက (၇-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘိုလ်တာသည် လက်ရှိ ကမ္ဘာ့အဆင့်(၅၉)နေရာတွင် ရပ်တည်နေသူဖြစ်ပြီး နိစကိုဗာက ကမ္ဘာ့အဆင့် (၁၇)နေရာတွင် ရပ်တည်နေသည့် တင်းနစ်မယ်ဖြစ်ကာ ဘိုလ်တာက အကောင်းဆုံးလက်စွမ်းပြပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပထမပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ဘိုလ်တာက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပထမပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရသည့် အတွက် ပွဲကစားချိန်မှာ ၁ နာရီ ၃၆ မိနစ်ထိ ကြာမြင့်ခဲ့သည်။

ဘိုလ်တာက "ယခုနှစ် တင်းနစ်ရာသီအတွင်း ခက်ခဲတဲ့အခြေအနေတွေနဲ့ရင်ဆိုင်ခဲ့ရတယ်။ စွမ်းဆောင်ရည်ပိုင်းနဲ့ ပတ်သက်ပြီးတော့လဲ အားရကျေနပ်မှုမရှိခဲ့ပါဘူး။ ဒါပေမဲ့လဲ ဒီပွဲစဉ်မှာတော့ စွမ်းဆောင်ရည်ပိုင်းအပေါ် အားရကျေနပ်မှုအပြည့်ရှိခဲ့ပါတယ်။ ဒီပွဲစဉ်မှာ ပြိုင်ဘက်ကစားသမားရဲ့ ကစားဟန်ထက် ကိုယ့်ရဲ့ကစားဟန်ကိုပဲ အာရုံစိုက်ခဲ့ပြီးတော့ ကိုယ့်ကိုယ်ကိုယ် လောင်းကြေး ထပ်ခဲ့ပါတယ်။ ခက်ခဲတဲ့ပွဲစဉ်ကို အကောင်းဆုံးကျော်ဖြတ်ပြီးတော့ ဒုတိယအဆင့်ကို တက်ရောက်လာနိုင်ခဲ့လို့ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

ဘိုလ်တာသည် ဒုတိယအဆင့်တွင် ရိုမေးနီးယားတင်းနစ်မယ် ဆိုင်စတီယာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Tennis 365

Trs : AZL

အားကစားသတင်းအတိုအထွာများ

- ❑ ဒီဘရိုင်း၏ ပင်နယ်တီသွင်းဂိုး နှစ်ဂိုးအပါအဝင် ဝေးလံအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ဘယ်လ်ဂျီယံအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ရန် နီးစပ်လျက်ရှိသည်။
- ❑ အင်တာမီလန်အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ကြန့်ကြာနေသည့် ခံစစ်ကစားသမား ဒီမာကိုကို မန်ယူအသင်းနည်းပြ အာမိုရင်ကခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- ❑ ဆော်ဒီပရိုလိဂ်ကလပ် အယ်ဟိုင်လာအသင်းက တိုက်စစ်မှူးနေမာ၏နေရာတွင် အစားထိုးရန်အတွက် ဘာစီလိုနာအသင်းမှ တိုက်စစ်မှူးယာမယ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀၀ ဖြင့် ခေါ်ယူရန်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- ❑ အေဗီလာအသင်းကတူကီယဲကလပ်ဂါလာတာစာရေးအသင်းမှ ခံစစ်ကစားသမား ဆင်ဂိုကို စာချုပ်ဖျက်သိမ်းကြေး ယူရို သန်း ၆၀ ဖြင့် ကမ်းလှမ်းရန် ပြင်ဆင်လျက်ရှိသည်။ ML

အာဖရိကဇုန်မှ ကိတ်ဗာဒီအသင်း ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် ရရှိ

ပရီးတိုးရီးယား အောက်တိုဘာ ၁၄

အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စု နောက်ဆုံးအဆင့်တွင် ကိတ်ဗာဒီအသင်းက အက်ဆွာတီနီအသင်းကို သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

ကိတ်ဗာဒီအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ ၁၀ ပွဲ ကစားခဲ့ရာတွင် ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၂၃ မှတ် ရရှိခဲ့သဖြင့် ဒုတိယနေရာမှ ကင်မရွန်းအသင်းကို ရမှတ်လေးမှတ် ဖြတ်တောက်နိုင်ခဲ့ပြီး ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလား တိုက်ရိုက်ဝင်ခွင့် ရခဲ့သည့် ကိတ်ဗာဒီအသင်းသည် အာဖရိကတိုက်တွင် ဒုတိယမြောက် လူဦးရေ အနည်းဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး ၂၀၁၈ ခုနှစ်က လူဦးရေ နည်းပါးသည့် အိုင်ယာလန်အသင်းပြီးလျှင် ဒုတိယမြောက် လူဦးရေ နည်းသည့် အသင်းတစ်သင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု(D) ပွဲစဉ်များအပြီးတွင် ကိတ်ဗာဒီအသင်းက အဆင့်(၁)ဖြင့် တိုက်ရိုက်ဝင်ခွင့်၊ ကင်မရွန်းအသင်းက အဆင့်(၂)သာ ရရှိခဲ့သဖြင့် တိုက်ရိုက်ဝင်ခွင့်နှင့် လွဲချော်ခဲ့ရပြီး လစ်ဗျားအသင်းက အဆင့်(၃)၊ အန်ဂိုလာအသင်းက အဆင့်(၄)၊ မော်ရစ်ဿျအသင်းက အဆင့်(၅)၊ အက်ဆွာတီနီက အဆင့် (၆) နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

နွေရာသီအပြောင်းအရွှေ့ကာလခေါ်ယူခဲ့သည့် အဆိုးရွားဆုံးကစားသမားစာရင်းတွင် လီဗာပူးအသင်းမှ ကစားသမား သုံးဦးထိ ပါဝင်

လန်ဒန် အောက်တိုဘာ ၁၄

နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူခဲ့သည့် အဆိုးရွားဆုံးကစားသမားစာရင်းတွင် လီဗာပူးအသင်းမှ ကစားသမားသုံးဦးထိ ပါဝင်ခဲ့သည်။

အဆိုပါကစားသမားစာရင်းတွင် လီဗာပူးအသင်းက လေဗာကူဆင်အသင်းမှ စံချိန်တင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၁၅ သန်းဖြင့် ခေါ်ယူခဲ့သည့် တိုက်စစ်ကစားသမား ဖလိုရီယန်ဝစ်၊ ဘုန်းမောက်အသင်းမှ ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူခဲ့သည့် ခံစစ်ကစားသမား ကာကက်ဇ်၊ နယူးကာဆယ်အသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၁ သန်းဖြင့် ခေါ်ယူခဲ့သည့် ဂိုးသမား ထရက်ဖို့ဒ်၊ ဝက်စ်ဟမ်းအသင်းက နိုက်အသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၂ သန်းဖြင့် ခေါ်ယူခဲ့သည့် ခံစစ်ကစားသမားတော့ဒီဘို၊ဝက်စ်ဟမ်းအသင်းက လက်စတာစီးတီးအသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း၂၀ဖြင့် ခေါ်ယူခဲ့သည့် ဂိုးသမား ဟာမန်ဆန်၊ နယူးကာဆယ်အသင်းက နော်တင်ဟမ်အသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၅ သန်းဖြင့် ခေါ်ယူခဲ့သည့် တောင်ပံကစားသမား အယ်လန်ဂါ၊ အဲဗာတန်အသင်းက ဗီလာရီး ရဲလ်အသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၇ သန်းဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး ဘာရီတို့က နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ဆိုးရွားသည့် ခေါ်ယူမှုများဖြစ်ခဲ့သည်။

ထို့ပြင် လီဗာပူးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀၀ ကျော် အသုံးပြုခဲ့သည့် အတွက် ဘောလုံးသမိုင်းတွင် အပြောင်းအရွှေ့ ကာလတစ်ခု အတွင်း ပြောင်းရွှေ့ကြေးအများဆုံး အသုံးပြုသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ Ref : SI

Trs : ML

တိုက်ဂါးဝုဒ်က ခုနစ်ကြိမ်မြောက် နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူခဲ့ကြောင်း ထုတ်ပြန်

ဝါရှင်တန် အောက်တိုဘာ ၁၄

ဂေါက်သီးရိုက် လောက၏ အအောင်မြင်ဆုံး ကစားသမား ဖြစ်သူ အမေရိကန်ဂေါက်သီးရိုက် ကစားသမား တိုက်ဂါးဝုဒ်သည် နောက်ကျောဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူထားကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

တိုက်ဂါးဝုဒ်သည် ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ခုနစ်ကြိမ်မြောက် နောက်ကျောဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာအမြန်ဆုံးသက်သာလာရန် မျှော်လင့်နေကြောင်းလည်း တိုက်ဂါးဝုဒ်က ထုတ်ပြန်ခဲ့သည်။

အသက် ၄၉ နှစ်အရွယ် တိုက်ဂါးဝုဒ်သည် နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူထားသည့် အတွက် ဘာမြူဒါတွင် ၎င်းတည်ထောင်ကျင်းပနေသည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲဖြင့် လွဲချော်ရတော့မည်ဖြစ်သည်။

နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူထားခြင်းကြောင့်လည်း တိုက်ဂါးဝုဒ်အနေဖြင့် ၎င်းအတွက် ယခုနှစ် ဂေါက်သီးရိုက်ရာသီ ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း အတည်ပြုခဲ့သည်။

တိုက်ဂါးဝုဒ်က "ကျွန်တော့်ရဲ့ နောက်ကျော ဒဏ်ရာကြောင့် လွတ်လွတ်လပ်လပ် လှုပ်ရှားလို့မရဘူး။ နည်းနည်းလှုပ်လိုက်တိုင်းလဲ နာကျင်မှုဝေဒနာ ခံစားနေရတဲ့အတွက် ဆရာဝန်နဲ့ တိုင်ပင်ကြည့်တော့ ခွဲစိတ်ကုသမှုခံယူသင့်ကြောင်း အကြံပြုလာတဲ့အတွက် ခွဲစိတ်ကုသမှု ခံယူခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက် နောက်ကျောဒဏ်ရာကြောင့် မကြာခဏ အနားယူခဲ့ရတယ်။ ဒီတစ်ကြိမ်နဲ့ ဆိုရင် နောက်ကျောဒဏ်ရာကို ခုနစ်ကြိမ်တိုင်တိုင် ခွဲစိတ်ကုသမှုခံယူခဲ့ရပြီးဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : People

Trs : AZL

FIFA - MA REFEREEING COURSE 2025 သင်တန်း ဖွင့်ပွဲအခမ်းအနားကို MFF အစည်းအဝေးခန်းမ၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)၊ ဒိုင်ကော်မတီ၊ ဒိုင်ဌာနတို့ ပူးပေါင်းဖွင့်လှစ်သော FIFA – MA REFEREEING COURSE 2025 သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက MFF အစည်း အဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သိန်းသိန်းအေး၊ ကော်မတီဝင် ဦးထွန်းလှအောင်၊ ဒိုင်လုပ်ငန်းဌာနတာဝန်ခံ ဦးလှမင်းနှင့်တာဝန်ရှိသူများ၊သင်တန်းသားများတက်ရောက်ခဲ့သည်။

ဦးစွာ သင်တန်းဖွင့်ပွဲတွင် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သိန်းသိန်းအေးနှင့် သင်တန်းနည်းပြဆရာ Mr. Mohamad Rodzali Bin Yacob တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ကြပြီးနောက် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

FIFA – MA REFEREEING COURSE 2025သင်တန်းကို ယနေ့မှစ၍ အောက်တိုဘာ ၁၈ ရက်ထိ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။ **STA**

ဘာစီလိုနာအသင်းက လီဝမ်ဒေါစကီးကို သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုမည်မဟုတ်ဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုမည်

ဘာစီလိုနာ အောက်တိုဘာ ၁၄

ဘာစီလိုနာအသင်းက လီဝမ်ဒေါစကီးကို သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုမည် မဟုတ်ဘဲ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုမည် ဖြစ်ကြောင်း သိရသည်။

အသက် ၃၇ နှစ်ရှိ လီဝမ်ဒေါစကီးနှင့် ဘာစီလိုနာအသင်းတို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီ အကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး အစောပိုင်းက သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ဘာစီလိုနာအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုတော့မည် မဟုတ်ဘဲ အလွတ် ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

လီဝမ်ဒေါစကီးသည်ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး နောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၁၅၆ ပွဲတွင် ၁၀၅ ဂိုးထိ သွင်းယူထားပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ၄၂ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ ဘာစီလိုနာအသင်း ဆုဖလားသုံးလုံးဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ် ပါဝင်နေသူ ဖြစ်သည်။

ထို့ပြင် လီဝမ်ဒေါစကီးသည် ယခုနှစ် ဘောလုံးရာသီတွင်လည်း ခုနစ်ပွဲကစားပြီး လေးဂိုး သွင်းယူကာ ပုံစံကောင်းများ ပြသနေသော်လည်း ဘာစီလိုနာအသင်းက အသက်အရွယ် အပိုင်းအခြားကြောင့် လက်လွှတ်ရန်ဆုံးဖြတ်ထားပြီး ဆော်ဒီထိပ်တန်းကလပ် အသင်းများက ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

AFC Challenge League ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်း တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းနှင့် စတင်ကစားရမည်

ရန်ကုန် အောက်တိုဘာ ၁၄



အာရှ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပမည့် AFC Challenge League ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုကစားမည့် ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၆ ရက်တွင် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းနှင့် စတင်ကစားသွားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် AFC Challenge League ပြိုင်ပွဲတွင် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်း၊အင်ဒိုနီးရှားကလပ် ဒေဝယူနိုက်တက်အသင်း၊ ကမ္ဘောဒီးယားကလပ် ဖနောင်ပင် ခရောင်းအက်ဖ်စီ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

ရှမ်းယူနိုက်တက် အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၆ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် တိုင်နန်စီးတီးအသင်းနှင့်လည်းကောင်း၊ အောက်တိုဘာ ၂၉ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီခွဲတွင် ဖနောင်ပင်ခရောင်းအက်ဖ်စီ အသင်းနှင့်လည်းကောင်း၊ နိုဝင်ဘာ ၁ ရက် ည ၇ နာရီတွင် ဒေဝယူနိုက်တက် အသင်းနှင့်လည်းကောင်း အသီးသီး ကစားသွားရမည်ဖြစ်သည်။

AFC Challenge League ပြိုင်ပွဲ အုပ်စု (E)ကို အိမ်ရှင်အဖြစ် အင်ဒိုနီးရှားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

အမျိုးသမီးစူပါဘင်တန်ဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်ကို ရွှေ့ဆိုင်းကြောင်း အင်္ဂလန်လက်ဝှေ့မယ်စကော့နေး ထုတ်ပြန်

လန်ဒန် အောက်တိုဘာ ၁၄

အမျိုးသမီးစူပါဘင်တန်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ အင်္ဂလန်လက်ဝှေ့မယ် စကော့နေးသည် ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ မက္ကဆီကိုလက်ဝှေ့မယ် ဖလောရက်စ်နှင့် နိုဝင်ဘာ ၁၄ ရက်တွင် ထိုးသတ်သွားရမည် ဖြစ်သော်လည်း စိန်ခေါ်ပွဲအား ရွှေ့ဆိုင်းကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

စကော့နေးနှင့် ဖလောရက်စ်တို့၏ပွဲစဉ်သည် ကျိတ်ပေါလ်နှင့် WBA လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ဂါဗွန်တာတို့ရန်ပုံငွေပွဲစဉ်၏ under-card ပွဲစဉ်အနေဖြင့် ထိုးသတ်သွားမည်လည်းဖြစ်သည်။

စကော့နေးသည် ဗြိတိန်လက်ဝှေ့လောကတွင် အသက်အငယ်ဆုံးပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံအဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်ပြီး လက်ရှိချန်ပီယံ ခါးပတ်များအား ကာကွယ်သွားရန် အတွက်လည်း ပြင်းပြင်းထန်ထန် လေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။

သို့သော်လည်း လေ့ကျင့်ရေး အစီအစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် စိန်ခေါ်ပွဲအား ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး မကြာမီပြန်လည် စီစဉ်သွားမည့်ရက်အား သတ်မှတ်ကာ ထုတ်ပြန်ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။

စကော့နေး၏ Promotion ကုမ္ပဏီဖြစ်သည့် Most Valuable Promotions ကုမ္ပဏီ၏ အမှုဆောင်ချုပ်ဖြစ်သူ နာဂီဆာက "စကော့နေးဟာ လက်ရှိပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်သွားဖို့အတွက် အကောင်းဆုံး ပြင်ဆင်လေ့ကျင့်နေပါတယ်။ ကံမကောင်းစွာနဲ့ လေ့ကျင့်ရေး အစီအစဉ်မှာ ဒဏ်ရာရရှိခဲ့ပါတယ်။ စကော့နေး အမြန်ဆုံး သက်သာလာပါစေလို့ ဆုတောင်းပေးပါတယ်။ သူအမြန်ဆုံး ကြိုးဝိုင်းထဲ ပြန်ဝင်လာနိုင်ဖို့အတွက် ကျွန်တော်တို့လုပ်နိုင်တာအကုန်လုပ်ဆောင်ပေးသွားမယ်။ အပြည့်အဝ ကူညီသွားမယ်။ နိုဝင်ဘာ ၁၄ ရက်မှာ ထိုးသတ်သွားမဲ့ ပွဲစဉ်ကိုတော့ ရွှေ့ဆိုင်းလိုက်ပါပြီ။ မကြာခင် ရက်ပြန်လည် သတ်မှတ်ပြီးတော့ ထုတ်ပြန်ကြေညာ ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

စကော့နေးသည် ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်လာသည်ထိ စိန်ခေါ်ပွဲပေါင်း ၁၁ ပွဲ ထိုးသတ်ထားပြီး ရှုံးပွဲမရှိစံချိန်ဖြင့် ပြိုင်ဘက်ကင်း ချန်ပီယံဆုကို ရရှိထားခြင်းလည်း ဖြစ်ကြောင်း သိရသည်။

Ref : Boxing Scene

Trs : AZL

ကမ္ဘာ့ဖလားခြေစစ်ပွဲသုံးပွဲဆက် ရှုံးနိမ့်ခဲ့သည့် ဆွီဒင်အသင်း ခြေစစ်ပွဲအောင်မြင်ရန် ခက်ခဲလာ

စတော့ဟုမ်း အောက်တိုဘာ ၁၄

ဆွီဒင်အသင်းနှင့် ကိုဆိုဗို အသင်းတို့ ကစားခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်တွင် ဆွီဒင်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ခြေစစ်ပွဲ သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ရန် ခက်ခဲလာခဲ့ကြောင်း သိရသည်။

ဆွီဒင်အသင်းသည် ခြေစစ်ပွဲ အုပ်စု (C)တွင် ဆွစ်ဇာလန်အသင်း၊ ကိုဆိုဗိုအသင်း၊ ဆလိုဗေးနီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သော်လည်း အုပ်စုအဖွင့်ပွဲစဉ်တွင် ဆလိုဗေးနီးယားအသင်းနှင့် ပွဲစဉ်တစ်ပွဲသာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ကိုဆိုဗိုအသင်းကို ပထမအကျော့တွင် နှစ်ဂိုး ဂိုးမရှိ၊ ဆွီဒင်အသင်းကို နှစ်ဂိုး ဂိုးမရှိ ၊ ကိုဆိုဗိုအသင်းကို ဒုတိယအကျော့ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ကာ သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ရန်ခက်ခဲလာခြင်းဖြစ်သည်။

ဆွီဒင်အသင်းသည် လက်ကျန်ပွဲစဉ်များအဖြစ် ဆွစ်ဇာလန်အသင်းကို အဝေးကွင်း၊ ဆလိုဗေးနီးယားအသင်းကို အိမ်ကွင်းတွင် ကစားရမည် ဖြစ်သော်လည်း ဒုတိယနေရာမှ ကိုဆိုဗိုအသင်းသည် နှစ်ပွဲစလုံးရှုံးနိမ့်မှသာ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိရန် အခွင့်အရေး ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆွီဒင်အသင်းသည် ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲကလည်း သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ပြီး နောက်ပိုင်း ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှသာ ဒုတိယမြောက် သုံးပွဲဆက်ရှုံးနိမ့်ခဲ့ကြောင်းသိရသည်။

Ref : Fotmob

Trs : ML

NCA မှသည် ထာဝရငြိမ်းချမ်းရေးဆီသို့

ဝင်းဇင်(သုတေသန)

ငြိမ်းချမ်းရေးဆိုသောစကားရပ်သည် လူတိုင်း၏ စိတ်နှလုံးကို ချမ်းမြေ့စေသည်မှာအမှန်။ ထိုနည်းတူစွာ တည်ငြိမ်အေးချမ်းမှုရှိသော ပတ်ဝန်းကျင်တွင်လည်း တရားဥပဒေစိုးမိုးပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးမှုအသီးအပွင့်များခံစားနေသည့် ကမ္ဘာ့နိုင်ငံအားလုံးသည် ငြိမ်းချမ်းရေးကို ခိုင်မာအောင်တည်ဆောက်ထားပြီးဖြစ်သည်။ ဆိုရလျှင် ငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခရာကျလျက်ရှိသည်။ တိုင်းပြည်အတွင်း ပြည်သူ့အားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကိုသာဖော်ဆောင်ပေးနိုင်မည်ဆိုလျှင် အတိုင်းထက်အလွန်ပင်ဖြစ်သည်။

NCA လက်မှတ်ရေးထိုး

ထို့ကြောင့်မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအသီးသီးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ကြသည်။ အထူးသဖြင့် သမ္မတဦးသိန်းစိန်လက်ထက်တွင် သက်ဆိုင်သူများကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံခွင့်လွှတ်မှုတို့ကိုအခြေခံလျက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA)ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ နိုင်ငံသားအားလုံးစိတ်ချမ်းမြေ့ခဲ့ရသည်။ NCA မှသည် ထာဝရငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်တော့မည်ဟု မျှော်လင့်ခဲ့ကြသည်။

အမှန်တော့ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များသည် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ရသည်။ စိတ်ရှည်သည်းခံခဲ့ရသည်။ ပင်ပန်းခဲ့ကြသည်။ ထိုသို့ NCA လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲများကို အကြိမ်ကြိမ် ဆွေးနွေးဖြစ်ခဲ့သည်။ ထို့ပြင် NCA လက်မှတ်ရေးထိုးရန်ကျန်ရှိသည့် အဖွဲ့အစည်းများကိုလည်း ပါဝင်လက်မှတ်ရေးထိုးရန် ကမ်းလှမ်းခဲ့သည်။ ထို့ကြောင့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU)တို့သည့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ လက်ရှိအချိန်ထိ NCA တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ထိ ရှိလာပြီဖြစ်သည်။

(၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့

ယခုဆိုလျှင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA)လက်မှတ် ရေးထိုးထားသည့် (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ခမ်းနားစွာကျင်းပပြီး အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပမည်ဖြစ်သည်။ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ၁၀ နှစ်တာ ကာလအတွင်းအကောင်အထည် ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့်သင်ခန်းစာများကို ဆန်းစစ်သုံးသပ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှရရှိခဲ့သည့် အတွေ့အကြုံများနှင့် အမြင်များကို မျှဝေနိုင်ရန်ဖြစ်သည်။

ထို့ပြင် သက်ဆိုင်ရာ အဖွဲ့အစည်းများကြား ဆွေးနွေးမှုများကို တိုးမြှင့်ရန်ရည်ရွယ်၍ လည်းကောင်း၊ NCA ၏ ပကတိအနှစ်သာရနှင့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ပြည်သူလူထုသဘောပေါက် သိရှိနားလည်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်၍ အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲတို့ကို ပေါင်းစပ်ဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ဒေသန္တရအဆင့်၊ နိုင်ငံတကာအဆင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လည်းကောင်း ကျင်းပခြင်းဖြစ်သည်။

NCA ဆိုသည်မှာ

NCA ဆိုသည်မှာ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြား တိုက်ပွဲများ မဖြစ်ပွားရေးအတွက် သဘောတူညီမှုရယူထားသည် ဟုယေဘုယျယူဆနိုင်သော်လည်း ထို့ထက်များစွာ ကျယ်ပြန့်လျက်ရှိသည်။ NCA သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တစ်ခုတည်းသောစာချုပ်ဖြစ်သည်။

> ❖ **အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား NCA လမ်းကြောင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာနိုင်မည်ဖြစ်သည်။ ထို့ပြင် NCA လက်မှတ်ရေးထိုးထားသည့်ဒေသများတွင် တိုက်ပွဲများလျှော့ချနိုင်မည်ဖြစ်သည်။ NCA လက်မှတ်ရေးထိုးခြင်းကြောင့် နိုင်ငံရေးဆွေးနွေးပွဲ တံခါးများဖွင့်ထားနိုင်သည်။ NCA ကိုသာမရွေးဘဲ အခြားလမ်းကြောင်းဖြင့် ချဉ်းကပ်မည်ဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မျှော်မှန်းထားသလောက် ခရီးပေါက်မည် မဟုတ်ချေ။ ထို့ကြောင့် NCA သည် ရေရှည်တည်တံ့သော ထာဝရ ငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသောလမ်းကြောင်း ပင်ဖြစ်သည်။ ❖**

NCA သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်သွားနိုင်ရေးတို့အတွက် လွတ်တော်ပြင်ပတွင်ဆောင်ရွက်နိုင်သည့် လမ်းကြောင်းတစ်ခုဟုလည်း ဆိုနိုင်သည်။

ဆိုရလျှင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား NCA လမ်းကြောင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်မည်ဖြစ်သည်။ ထို့ပြင် NCA လက်မှတ်ရေးထိုးထားသည့် ဒေသများတွင်တိုက်ပွဲများ လျှော့ချနိုင်မည်ဖြစ်သည်။ NCA လက်မှတ်ရေးထိုးခြင်းကြောင့် နိုင်ငံရေးဆွေးနွေးပွဲ တံခါးများ ဖွင့်ထားနိုင်သည်။ NCA ကိုသာမရွေးဘဲ အခြားလမ်းကြောင်းဖြင့် ချဉ်းကပ်မည်ဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မျှော်မှန်းထားသလောက် ခရီးပေါက်မည် မဟုတ်ချေ။ ထို့ကြောင့် NCA သည် ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်း ရေးအတွက် တစ်ခုတည်းသော လမ်းကြောင်းပင်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ

သို့သော် အချို့သောပြည်နယ်များရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့သည် ယနေ့အချိန်ထိ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးမဖော်ဆောင်နိုင်သေးသည့်ရွေ့ ရေခံမြေခံကောင်းသော ထိုဒေသများသည် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျလျက်ရှိသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ ထိုဒေသများရှိ အပြစ်မဲ့ကလေးများ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် တိုင်းရင်းသားတချို့သည် ယာယီနေရပ်စွန့်ခွာသူစခန်းများသို့ ပြောင်းရွှေ့နေထိုင်ရလျက်ရှိပြီး ပုံမှန်ပညာသင်ယူခွင့်နှင့် စီးပွားရေးလုပ်ကိုင်ခွင့်များ ဆုံးရှုံးရလျက်ရှိသည်။

ထို့ပြင် ပဋိပက္ခဖြစ်ပွားရာဒေသရှိ တိုင်းရင်းသားပြည်သူများ၊ အထူးသဖြင့် သက်ကြီးရွယ်အိုများသည် မိမိတို့နေထိုင်ရာ အိုးအိမ်များ၊ စိုက်ပျိုးလုပ်ကိုင်စားသောက်ရသော တောင်ယာနှင့်ဥယျာဉ်ခြံများကို စွန့်ခွာလျက် ယာယီနေရပ်စွန့်ခွာသူစခန်းများတွင် ချို့တဲ့စွာနေထိုင်နေရသည်မှာလည်း စိတ်မချမ်းမြေ့ဖွယ်ရာမြင်ကွင်းများပင် ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် အပြစ်မဲ့တိုင်းရင်းသားများအပေါ် ကိုယ်ချင်းစာနာစိတ်ထားသောအားဖြင့် မိမိတို့မျှော်မှန်းထားသည့် တန်ဖိုးထားမှုများ၊ တောင်းဆိုချက်များကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရိုးသားပွင့်လင်းစွာဆွေးနွေးညှိနှိုင်းအဖြေရှာပြီး အပစ်အခတ်ရပ်စဲရေးအတွက် နည်းလမ်းရှာဖွေသွားသင့်သည်။

ဆွေးနွေးအဖြေရှာသင့်

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိမှုနှင့်အတူ ပြည်တွင်း လက်နက်ကိုင်သောင်းကျန်းမှုများလည်း တစ်ပါတည်းပါရှိလာသည်။ ထို့ကြောင့် အစိုးရအဆက်ဆက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းခဲ့ရသည်။ သို့သော် ယနေ့ထိ တိုင်းရင်းသားပြည်သူများ နေထိုင်လျက်ရှိသည့် ပြည်နယ်တချို့တွင် လက်နက်သံများ ကြားနေရဆဲပင်ဖြစ်သည်။ စိတ်မချမ်းမြေ့ဖွယ်ရာကိစ္စပင်ဖြစ်သည်။ အချို့သော EAO များသည် မျိုးဆက်သစ်လူငယ်များကို ဝါဒမှိုင်းတိုက်ပြီး အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ရန် လက်နက်များ တပ်ဆင်ပေးလျက်ရှိသည်။

ဆိုရလျှင် တိုင်းပြည်အတွင်းဖြစ်ပွားနေရသည့် လက်နက်ကိုင်ပဋိပက္ခများသည် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးတို့ကိုအခြေခံ၍ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အတိတ်က မည်သို့ပင်ဖြစ်ခဲ့စေကာမူ လက်ရှိပစ္စုပ္ပန်တွင် တိုင်းပြည်အနာဂတ်အတွက် ရိုးသားပွင့်လင်းသည့် စိတ်ရင်းစေတနာမှန်ဖြင့် ဆွေးနွေးအဖြေရှာသွားသင့်သည်။ ပြည်သူ့အားလုံး၏ တူညီသောရည်မှန်းချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးပင် ဖြစ်သောကြောင့် ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားမည်ဆိုလျှင် ငြိမ်းချမ်းရေး မရရှိရန် အကြောင်းမရှိချေ။

တိုင်းပြည်တစ်ခုတွင် တည်ငြိမ်အေးချမ်းမှုရှိနေခြင်းသည် ထိုတိုင်းပြည်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအကြောင်းတရားများအနက် အဓိကကျသောအချက်တစ်ရပ်ပင်ဖြစ်သည်။ ထိုရည်မှန်းချက်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအသီးသီးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များရရှိရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်ခဲ့ကြသည်မှာ တိုင်းရင်းသားပြည်သူ့အားလုံး အသိပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားအားလုံး၏ တူညီသောဆန္ဒသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။

NCA မှသည် ထာဝရငြိမ်းချမ်းရေးဆီသို့

ငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မရေသောက်မြစ်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအတွက် အသက်တမျှ အရေးပါသော ထိုငြိမ်းချမ်းရေးကို ရယူတည်ဆောက်နိုင်ရန်သည် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုများကြား သံသယများဖယ်ရှားပြီး ယုံကြည်မှုတည်ဆောက်သွားရန်လိုအပ်သည်။ ဦးစွာ ယုံကြည်မှုတည်ဆောက်ပြီးမှသာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံသားများကြား သံသယပွားနေသမျှကာလပတ်လုံး ထာဝရငြိမ်းချမ်းရေးသည် အလှမ်းကွာဝေးနေဦးမည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ပြီဆိုလျှင် တိုင်းရင်းသားအားလုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုခြေခံသည့် ပြည်ထောင်စုကြီးကိုလည်း တည်ဆောက်နိုင်မည်ဖြစ်သည်။

တိုင်းပြည်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး NCA လက်မှတ်ရေးထိုးပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်မည်ဆိုလျှင် ယာယီနေရပ်စွန့်ခွာသူများသည် သက်ဆိုင်ရာဒေသများသို့ သွားရောက်နေထိုင်နိုင်ပြီး စိတ်လက်အေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်မည်ဖြစ်သည်။ ထို့ပြင် ကလေးငယ်များသည်လည်း ပညာဆက်လက်သင်ကြားခွင့်ကို စိုးရိမ်ပူပန်မှုကင်းစွာဖြင့် ဆက်လက်သင်ယူနိုင်မည်ဖြစ်သည်။ ထိုဒေသများတွင် အခြေခံအဆောက်အအုံများ တိုးတက်လာကာ လမ်းပန်းဆက်သွယ်ရေးချောမွေ့လာသဖြင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး ကုန်ဈေးနှုန်းများ ကျဆင်းလာမည်ဖြစ်သည်။ ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေးလုပ်ငန်းများသည် အဘက်ဘက်မှ တိုးတက်လာမည်ဖြစ်သည်။ ဒေသကုန်ထုတ်လုပ်ငန်းများ တိုးတက်လာသဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်မှာ အမှန်ပင်ဖြစ်သည်။

ဆိုရလျှင် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအဆက်ဆက်သည် ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးတံခါးကို အကြိမ်ကြိမ် ခေါက်ခဲ့ကြရသည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် NCA ပါဝင်လက်မှတ်ရေးထိုးပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးသည် ပြည်ထောင်စုကြီးအတွင်း မိတင်းနေထိုင်သော တိုင်းရင်းသားပြည်သူ့အားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ လိုအပ်လျက်ရှိပေသည်။

အမှန်တော့ တိုင်းရင်းသားအားလုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို NCA လမ်းကြောင်းမှသာ သွားနိုင်မည်ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးသည် NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် လိုအပ်မည်ဖြစ်သည်။ NCA တွင် ဦးစွာ ပါဝင်လက်မှတ်ရေးထိုးထားမှသာလျှင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ပွင့်လင်းစွာဆွေးနွေးနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မည်ဖြစ်ကြောင်း NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။

မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလပထမပတ်တွင် ရုံတင်ပြသမည်

ရန်ကုန် အောက်တိုဘာ ၁၄

မင်းမဟာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလပထမပတ်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သရုပ်ဆောင် နေတိုးက ပြောပြ၍ သိရသည်။

မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ဆောင်းလုလင်၏ မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် စာပေဆုရဝတ္ထုကို ဖြိုးသဇာကျော်က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ပီကေက မင်းမဟာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဝတ္ထုက ဆရာဆောင်းလုလင်ရဲ့ စာပေပြိုင်ပွဲတစ်ခုမှာ ပထမဆုရထားတဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ပါ။ ဇာတ်လမ်းလေးက တော်တော်လေးကောင်းပါတယ်။ လူတစ်ယောက်ရဲ့ မေတ္တာတရားကြီးမားပုံနဲ့ ဆွေစုမျိုးစုတစ်ခုတည်းမှာ သွေးသားတိုက်ရိုက်မတော်စပ်ပေမဲ့ မေတ္တာတရားထားနိုင်ပုံကို ဖော်ညွှန်းထားတာပါ။ ဇာတ်ပိုင်းမှာ လိုအပ်မဲ့အပိုင်းလေးတွေကို စာရေးဆရာက ထပ်ဖြည့်ပေးထားတာရှိပါတယ်။ အခုဇာတ်မှာ အဓိကကျတဲ့ဇာတ်ကောင် အသိန်း ကာရိုက်တာမျိုးကို အရင်ကလဲ ရိုက်ခဲ့ဖူးပါတယ်။ အခုလဲ ဝတ္ထုထဲက အသိန်းကို ပရိသတ်တွေမြင်ရအောင် အကောင်းဆုံးကြိုးစားထားပါတယ်"ဟု သရုပ်ဆောင် နေတိုးက ပြောပြသည်။

မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ နေမျိုးအောင်၊ ညီနန္ဒ၊ ဗီတာမင်၊ သံသာညီ၊ မေမီလင်း၊ ဗွားဗွား၊ အထူးညွှန်းသည် သရုပ်ဆောင် အေးဝတ်ရည်သောင်းနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

A Minecraft Movie နောက်ဆက်တွဲ ဇာတ်ကားသစ် ဝါနာဘရားသားကုမ္ပဏီ ဆက်လက်ရိုက်ကူးရန်စီစဉ်

နယူးယောက် အောက်တိုဘာ ၁၄

ယခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် A Minecraft Movie ဇာတ်ကား၏နောက်ဆက်တွဲဇာတ်ကားသစ်ကို ဝါနာဘရားသားကုမ္ပဏီက ဆက်လက်ရိုက်ကူးထုတ်လုပ်ရန် စီစဉ်ထားကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ A Minecraft Movie ဇာတ်ကားသစ်ကို ၂၀၂၇ ခုနှစ် ဧပြီလ ၂၃ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

A Minecraft Movie နောက်ဆက်တွဲဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျရတ်ဟက်က တာဝန်ယူပုံဖော် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မူလ A Minecraft Movie ဇာတ်ကားသည် နာမည်ကျော် Minecraft ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးထားသောဇာတ်ကားဖြစ်ပြီး အမေရိကန်ဒေါ်လာ ၉၅၇ သန်းကျော်ရရှိခဲ့သည်။

A Minecraft Movie နောက်ဆက်တွဲ ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ်ဂယ်လက်တာက ရေးသားပေးမည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

မိတင်စိန်ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်

ရန်ကုန် အောက်တိုဘာ ၁၄

မိတင်စိန် ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ အောက်တိုဘာ ၁၉ ရက်ည ၇ နာရီတွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဆုထက်ကုဋ္ဌေက ပြောပြ၍ သိရသည်။

အဆိုပါ မိတင်စိန် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ရှင်မိုးက ရေးသားထားပြီး သီဟစိုးက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ဝိုင်းက Love + 2 ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကာ CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် ဇွန်လတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ မကြည့်လိုက်ရသေးတဲ့၊ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ရုံတင်စဉ်ကလဲ ပရိသတ်တွေ အားပေးမှုများပြားခဲ့ပါတယ်။ ဒီဇာတ်ကားကို ဖန်သားပြင်ပေါ်မှာ ကြည့်ရှုပေးကြပါအုံး" ဟု သရုပ်ဆောင် ဆုထက်ကုဋ္ဌေက ပြောပြသည်။

အဆိုပါ မိတင်စိန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ထွန်းကိုကို၊ ဇော်ဝင်းမောင်၊ ဝင်းမင်းသန်း၊ မိုးဟေကို၊ ခိုင်နှင်းဝေ၊ ဆုထက်ကုဋ္ဌေ၊ ခင်မို့မို့အေးနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

ASH

Resurrection of the Christ ဇာတ်ကား၌ မင်းသား ဂျင်ကာဗီဇယ် ပြန်လည်ပါဝင်မည်မဟုတ်

နယူးယောက် အောက်တိုဘာ ၁၄

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Passion of the Christ ဇာတ်ကား၏ နောက်ဆက်တွဲ Resurrection of the Christ ဇာတ်ကား၌ မင်းသား ဂျင်ကာဗီဇယ် ပြန်လည်ပါဝင်မည်မဟုတ်ကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများအရ သိရသည်။

မင်းသား ဂျင်ကာဗီဇယ်သည် ဒါရိုက်တာ မဲဂစ်ဆင် ရိုက်ကူးခဲ့သည့် The Passion of the Christ (2004) ဇာတ်ကား၌ ယေရှုခရစ်တော် အဖြစ် သရုပ်ဆောင်ခဲ့သူဖြစ်သည်။

သို့ရာတွင် ၎င်းဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်သော Resurrection of the Christ ဇာတ်ကား၌ မင်းသား ဂျင်ကာဗီဇယ်အနေဖြင့် ပြန်လည်ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

Resurrection of the Christ ဇာတ်ကားကို ဒါရိုက်တာ မဲဂစ်ဆင် တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး အဓိက သရုပ်ဆောင်နေရာများ အပြောင်းအလဲလုပ်ထားသည်။

Resurrection of the Christ ဇာတ်ကားကို မကြာမီကာလအတွင်း အီတလီနိုင်ငံ ရောမမြို့၌ စတင်ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ၂၀၂၇ ခုနှစ်တွင် ရုံတင်ပြသရန် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

တေးသံရှင် ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်၊ ဝိုင်းလေးတို့၏ တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ် The Square Theatre Bar ၌ ပြုလုပ်မည်

ရန်ကုန် အောက်တိုဘာ ၁၄

တေးသံရှင် ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်၊ ဝိုင်းလေးတို့၏ တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် The Square Theatre Bar ၌ အောက်တိုဘာ ၁၇ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် နီနီခင်ဇော်က ပြောပြ၍ သိရသည်။

တေးသံရှင် ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်၊ ဝိုင်းလေးတို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို နာမည်ကျော် Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ အောက်တိုဘာ ၁၇ ရက် ညမှာ မန္တလေးက The Square Theatre Bar မှာ နီနီနဲ့ အတူ ဝိုင်းစုခိုင်သိန်း၊ ဝိုင်းလေးတို့ရှိနေပါမယ်။ Daily Gita Band တေးဂီတအဖွဲ့ရဲ့ ပံ့ပိုးမှုနဲ့ အသည်းကွဲ သီချင်းတွေကို မန်းမြေက ပရိသတ်ကြီးတွေအတွက် တဝကြီးသီဆိုပေးမှာမို့ ရင်တွင်းခံစားချက်တွေနဲ့ ထပ်တူစီးမျောဖို့အတွက် The Square Theatre မှာ ဆုံကြရအောင်"ဟု တေးသံရှင် နီနီခင်ဇော်က ပြောပြသည်။

တေးသံရှင် ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်၊ ဝိုင်းလေးတို့၏ တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar ၌ အောက်တိုဘာ ၁၇ ရက် ည ၇ နာရီမှစတင်ကာ ဖျော်ဖြေတက်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing receives delegation led by member of the Government of Saint Petersburg, Russian Federation, and Chairman of the Committee for External Relations



Senior General Min Aung Hlaing receives Mr Evgeny Grigoriev, member of the Government of Saint Petersburg, Russian Federation, and Chairman of the Committee for External Relations.

Senior General Min Aung Hlaing exchanges gifts with Mr Evgeny Grigoriev.

Nay Pyi Taw October 14

A delegation led by Mr Evgeny Grigoriev, member of the Government of Saint Petersburg, Russian Federation, and Chairman of the Committee for External Relations, paid a courtesy call on Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing at Tatmadaw Guesthouse in Nay Pyi Taw this afternoon.

Also present at the call together with the Senior General were SSPC Secretary Joint Executive Chief General Ye Win Oo, Union Minister for Health Dr Thet Khaing Win, Deputy Minister for Foreign Affairs U Ko Ko Kyaw and officials. The member of the Government of Saint Petersburg, Russian Federation, and Chairman of the Committee for External Relations, was accompanied by Ambassador of Russian Federation to Myanmar H.E. Mr. Iskander AZIZOV and members of the delegation.

At the call, views on the improving friendship and cooperation between Myanmar and Russia and action for their further improvement, and programs for extending cooperation in multi-sectors including economic, health, technology, cultural, tourism, youth and construction sectors were cordially exchanged.

After the call, Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and the member of the Government of Saint Petersburg, Russian Federation, and Chairman of the Committee for External Relations, exchanged commemorative gifts. 100

Delegation led by Special Envoy for Asian Affairs of Chinese Foreign Ministry pays courtesy call on Acting President of Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing

Senior General Min Aung Hlaing receives Mr. Deng Xijun, Special Envoy for Asian Affairs of the Ministry of Foreign Affairs of the People's Republic of China.

Nay Pyi Taw October 14

This afternoon, a delegation led by H.E. Mr. Deng Xijun, Special Envoy for Asian Affairs of the Ministry of Foreign Affairs of the People's Republic of China, paid a courtesy call on Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission, at the Tatmadaw Guest House in Nay Pyi Taw.

Accompanying the Senior General at the meeting were Commission Secretary Joint Executive Chief General Ye Win Oo, Commission member Union Minister for Border Affairs Lt-Gen Yar Pyae, and Lt-Gen Ko Ko Oo from the Office of the Commander-in-Chief (Army). The Special Envoy for Asian Affairs was accompanied by members of his delegation.

During the meeting, they cordially and openly exchanged views on a wide range of matters. The discussions covered the arrangements for the upcoming 10th Anniversary Ceremony of the Nationwide Ceasefire Agreement (NCA) and the historical participation of international witnesses, including China, during the NCA's signing. The talks also addressed China's valued assistance for Myanmar's internal peace and development, alongside its respect for Myanmar's sovereignty. Both sides noted the existing friendship and comprehensive strategic cooperative relations between the two nations, emphasizing their bond as good neighbours who share weal and woe. Further discussions focused on the ongoing preparations for holding a free and fair general election in Myanmar in December, with the Chinese side expressing its support for the process. The arrangements for using Myanmar Electronic Voting Machines (MEVMs) to ensure a free and fair election were explained, along with plans to invite international election observer teams, including from China. They also discussed matters related to cooperation for stability and peace in the border regions and reaffirmed their commitment to continuing enhancing the friendship and cooperation between Myanmar and China.

After the meeting, the Acting President Chairman of the State Security and Peace Commission showed the Special Envoy for Asian Affairs the Myanmar Electronic Voting Machines (MEVMs) intended for use in the upcoming election. Officials from the Union Election Commission demonstrated the step-by-step functioning of the voting machines and provided answers to the Special Envoy's inquiries. 100

Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing enjoys Myanmar-Russia-Belarus Trilateral Entertainment

Senior General Min Aung Hlaing enjoys Myanmar-Russia-Belarus Trilateral Entertainment.

Nay Pyi Taw October 14

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing attended the Myanmar-Russia-Belarus Trilateral Entertainment at the Naypyitaw State Polytechnic University in Nay Pyi Taw this evening.

The entertainment was also joined by Commission Member and Prime Minister U Nyo Saw, Commission Member and Executive Chief U Aung Lin Dwe, Commission members, Union ministers, Union-level dignitaries, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, Mr. Evgeny Grigoryev, Member of the Government of Saint Petersburg and Chairman of the Committee for External Relations of the Government of Saint Petersburg, Ambassador of Russian Federation to Myanmar H.E. Mr. Iskander AZIZOV, Vice Chair of Russia-Myanmar Friendship Association Mr. Alexander Ostrovskiy, officials from the Russian Embassy to Myanmar, entertainment troupes from Russia and Belarus, staff members from ministries, and guests.

First, the Acting President and SSPC Chairman of the Republic of the Union of Myanmar and attendees watched a video clip "From cultural exchange to the Friendship".

The Vice Chair of the Russia-Myanmar Friendship Association gave an introductory speech and introduced artistes from Belarus who will perform entertainments.

At the entertainment programmes, artistes from Belarus, the Fine Arts Department from the Ministry of Religious Affairs and Culture, the Myanma Radio and Television from the Ministry of Information and the Myawady Entertainment Troupe under the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) and staff from the Embassy of the Russian Federation to Myanmar presented the songs "Two Rus's- Belarus and Russia, Two Sisters" and "Bells", the royal choral dance under the title of "Nantheingi", the songs "The River Flows" "Will say good bye with a cup of vodka", "Papu Thuza" and "My eyes", the dancing performance with the title of "Lebedushka" and the drum-playing dance, the songs "Tulips" and "Red Sloboda", the active performance of a male dancer, the song "Oh, My Scythe", the Kalinka dance, the songs "Belarus and Myanmar", "Myanmar", "Thingyan", "Kupalinka", "St.Petersburg and Myanmar", "Bagan", "We are With You Myanmar", "Myanmar Hay", "Katush", "Matushka Zemnya Mother Land", "Love me", "All the Flowers", and "I want to wish" with performances.

The Acting President and SSPC Chairman of the Republic of the Union of Myanmar presented the flower basket to the entertainment troupes from the Russian Federation and the Republic of Belarus.

The Vice Chair of the Russia-Myanmar Friendship Association and the leader of the Belarusian Band presented gifts to the Acting President and SSPC Chairman of the Republic of the Union of Myanmar.

The Member of the Government of Saint Petersburg and Chairman of the Committee for External Relations of the Government of Saint Petersburg presented the flower basket to entertainment troupes from Myanmar.

After the ceremony, the Acting President and SSPC Chairman of the Republic of the Union of Myanmar cordially greeted the attendees. 100

Senior General Min Aung Hlaing presents flower basket for performers.

16 dead in blaze at Bangladeshi chemical warehouse, garment factory

Dhaka October 14

At least 16 people were killed after a devastating fire tore through a garment factory and a chemical warehouse in the Bangladeshi capital of Dhaka.

The two buildings are located side by side in front of Bangladesh University of Business and Technology, according to local media reports.

"12 bodies were brought to the Dhaka Medical College Hospital and the National Institute of Burn and Plastic Surgery in Dhaka," Talha Bin Jashim, officer-in-charge of the media cell of the Fire Service headquarters in Dhaka, told Xinhua.

At least 12 firefighting units rushed to the spot to douse the fire at around 11:40 a.m. Tuesday.

According to the official, the blaze in the seven-story garment factory started on the third floor and has been largely extinguished.

However, he said firefighters were still working to fully contain the fire at the chemical warehouse, which stored hazardous materials, including bleaching powder, plastic, and hydrogen peroxide.

The death toll in the blaze is likely to rise, warned another fire official, who did not want to be named.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

တရုတ်နိုင်ငံ Norinco ကုမ္ပဏီက Yitian အပေါ့စားလေကြောင်းရန်ကာကွယ်ရေးတိုက်ယာဉ်ကို တီထွင်ထုတ်လုပ်ခဲ့

တရုတ်နိုင်ငံပိုင် ကြည်းတပ်သုံးစနစ်ထုတ်လုပ်ရေးလုပ်ငန်းဖြစ်သော Norinco ကုမ္ပဏီက လေးဘီးတပ် Yema လမ်းကြမ်းသွားယာဉ်ကိုယ်ထည်ပေါ်၌ တည်ဆောက်ထားသည့် ကျစ်လျစ်ပြီးအပေါ့စား Yitian လေကြောင်းရန် ကာကွယ်ရေးတိုက်ယာဉ်ကို တီထွင်ထုတ်လုပ်ခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤယာဉ်စနစ်သည် စစ်သည်များ လိုက်ပါသည့်အခန်းကို သံချပ်ကာယာဉ်အဖြစ် ပေါင်းစပ်ထားပြီး TY-90 အမျိုးအစားဒုံးကျည်များကို ပစ်လွှတ်နိုင်သော ဒုံးပစ်လောင်ချာစနစ် တပ်ဆင်ထားခြင်းဖြစ်သည်။ ၎င်းဒုံးကျည်များကို အနိမ့်ပျံသန်းလာသောနှင့် အလွန်နိမ့်သောအမြင့်မှ ဝင်ရောက်လာသော ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် အရှိန်မြင့်ခရူဇီဒုံးကျည်များကို ကြားဖြတ်ဟန့်တားရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Yitian လေကြောင်းရန်ကာကွယ်ရေးတိုက်ယာဉ်ကို ရွှေ့လျားမှုမြင့်မားစေရန်နှင့် လွယ်ကူစွာအသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ဒုံးပစ်လောင်ချာစနစ်နှင့် ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်ကို ပြုပြင်မွမ်းမံထားသော လေးဘီးတပ်ကိုယ်ထည်တွင်အခြေခံထားသောကြောင့် ပိုမိုကြီးမားသည့်စနစ်များတပ်ဖြန့်၍မရသော ကမ်းရိုးတန်းနှင့် အခြားနေရာများတွင်ပါ လမ်းကြမ်းကိုဖြတ်ကျော်ပြီး တိုက်ပွဲဝင်ဖြန့်ကြက်နိုင်စေမည်ဖြစ်သည်။ Norinco ကုမ္ပဏီက ဤစနစ်ကို ရှုပ်ထွေးနက်နဲသော မြေမျက်နှာသွင်ပြင်နှင့် လူဦးရေထူထပ်သောကမ်းရိုးတန်းဒေသများရှိ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် အထူးရည်ရွယ်၍ စီစဉ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

Yitian တိုက်ယာဉ်၏ အဓိကထူးခြားချက်တစ်ခုမှာ စစ်သည်အင်အားအနည်းငယ်သာလိုအပ်ခြင်းဖြစ်ပြီး ဤစနစ်ကို စစ်သည်နှစ်ဦးတည်းဖြင့် တိုက်ပွဲဝင်နိုင်သည်။ Yitian တိုက်ယာဉ်ကို ထိန်းချုပ်မျက်နှာပြင်နှင့် ဂျွိုင်းစတစ်များကို အသုံးပြု၍ မောင်းနှင်ထိန်းချုပ်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ဤထိန်းချုပ်ရေးစနစ်သည် လေ့ကျင့်သင်တန်းပေးရေးအချိန်ကို လျှော့ချရန်နှင့် စစ်သည်များကို ကန့်သတ်ထားသော အခြေအနေများအောက်တွင်ပင် ယာဉ်နှင့်လက်နက်များကို စီမံခန့်ခွဲနိုင်စေရန်ရည်ရွယ်၍ ထည့်သွင်းပေးထားခြင်းဖြစ်သည်။

ယာဉ်ပေါ်တွင်အသုံးပြုသည့် ဒုံးကျည်များသည် TY-90 ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်အုပ်စုကို မြေပြင်မှ ပစ်လွှတ်နိုင်ရန်အတွက် ပြုပြင်မွမ်းမံထားသော ဒုံးကျည်များဖြစ်သည်။ မြေပြင်မှပစ်လွှတ်သည့် ဤဒုံးကျည်အမျိုးအစားအတွက် ထိပ်ဖူးသည် သုံးကီလိုဂရမ် အလေးချိန်ရှိပြီး ရဟတ်ယာဉ်များ၏ ရဟတ်ပန်ကာများကို ဖြတ်တောက်ရန် သို့မဟုတ် ကိုယ်ထည်များကို တစ်ချက်တည်းထိမှန်ရုံဖြင့် ပျက်စီးစေရန်ရည်ရွယ်၍ ဒီဇိုင်းထုတ်ထားကြောင်း Norinco ကုမ္ပဏီက ထုတ်ပြန်ထားသည်။ ထို့ပြင် ဤဒုံးကျည်သည် မည်သည့်ဘက်မှ ချဉ်းကပ်လာသော ပစ်မှတ်များကိုမဆို ကြားဖြတ်တိုက်ခိုက်နိုင်သည့် ဘက်စုံထိတွေ့တိုက်ခိုက်နိုင်သောစွမ်းရည်ကို ပေးစွမ်းနိုင်သည်ဟုလည်း ကုမ္ပဏီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Norinco ကုမ္ပဏီသည် Yitian တိုက်ယာဉ်ကို ပို့ကုန်ဈေးကွက်အတွက် အနိမ့်ပျံသန်းသော၊ ဖမ်းယူရခက်ခဲသည့် ခြိမ်းခြောက်မှုများစွာကို တန်ပြန်နိုင်သည့် စနစ်အဖြစ် သတ်မှတ်ဖော်ပြထားသည်။ ဤစနစ်သည် ရဟတ်ယာဉ်များ၊ အလွန်နိမ့်သောအမြင့်တွင် ပျံသန်းဝင်ရောက်လာနိုင်သည့် အသေးစားနှင့် အကြီးစားဒရုန်းများနှင့် ပစ်မှတ်ဆီသို့နောက်ဆုံးအချိန်ထိ ချဉ်းကပ်ပျံသန်းတိုက်ခိုက်လာတတ်သော ခရူဇီဒုံးကျည်များထိ ကြားဖြတ်တိုက်ခိုက်ရန်ရည်ရွယ်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ထားကြောင်း သိရသည်။

China develops new lightweight air defense vehicle ကို ဘာသာပြန်ဆိုထားပါသည်။

ဆော်ဒီတော်ဝင်လေတပ်က ပျံသန်းချိန် နာရီ ၅၀၀၀ ပြည့်မြောက်ခဲ့သော တရုတ်နိုင်ငံထုတ်ဒရုန်းများဖြင့် စစ်ဆင်ရေးမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့

ဆော်ဒီတော်ဝင်လေတပ်သည် ပျံသန်းချိန် နာရီ ၅၀၀၀ ပြည့်မြောက်ခဲ့သော တရုတ်နိုင်ငံထုတ် Wing Loong II ဒရုန်းများဖြင့် စစ်ဆင်ရေးဆိုင်ရာမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ လေကြောင်းလုပ်ငန်းကော်ပိုရေးရှင်းက ထုတ်လုပ်ပြီး ၎င်း၏လုပ်ငန်းခွဲဖြစ်သော China National Aero-Technology Import & Export Corporation (CATIC) မှတစ်ဆင့် တင်ပို့သည့် Wing Loong II ဒရုန်းများသည် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် တိကျစွာထိုးစစ်ဆင်တိုက်ခိုက်ရေးမစ်ရှင်များအတွက် ဆော်ဒီတော်ဝင်လေတပ်၏ အဓိကအရေးပါသော စစ်ရေးစွမ်းအားစုတစ်ရပ်လည်းဖြစ်သည်။

နာရီ ၅၀၀၀ ပြည့်မြောက်ခြင်း သမိုင်းမှတ်တိုင်သည် ဆော်ဒီအာရေဗျနိုင်ငံ၏ မောင်းသူမဲ့စွမ်းရည်များကို တိုးချဲ့ရန်နှင့် နည်းဗျူဟာမြောက် စစ်ဆင်ရေးများအတွက် သမားရိုးကျလူလိုက်ပါသော လေယာဉ်များအပေါ် မှီခိုအားထားမှုကို လျှော့ချရန် ချမှတ်ထားသည့် နိုင်ငံတော်၏ ရေရှည်မဟာဗျူဟာကို အဆင့်မြှင့်တင်ရာတွင် အဆိုပါဒရုန်းစနစ်၏ အခန်းကဏ္ဍကို အလေးပေးဖော်ပြနေခြင်းဖြစ်သည်။

အချက်အလက်များအရ Wing Loong II ဒရုန်းသည် စတင်အသုံးပြုသည့်အချိန်မှစ၍ စစ်ဆင်ရေးများ ပြင်းပြင်းထန်ထန်လုပ်ဆောင်ခဲ့ပြီး ဆော်ဒီအာရေဗျ၏ အပူချိန်မြင့်မားခြင်း၊ ဖုန်မှုန့်ထူထပ်ခြင်းနှင့် အချိန်ကြာမြင့်စွာပျံသန်းနိုင်ရန် လိုအပ်သည့်စိန်ခေါ်မှုများ ပြည့်နှက်သော စစ်ဆင်ရေးပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောညီထွေရှိမှုနှင့် ယုံကြည်စိတ်ချရမှုမြင့်မားကြောင်း ပြသထားနိုင်ခဲ့သည်။

Wing Loong II ဒရုန်းသည် အလယ်အလတ်အမြင့် လေထဲတွင် အချိန်ကြာမြင့်စွာပျံသန်းနိုင်သော တိုက်ခိုက်ရေးဒရုန်းအမျိုးအစားဖြစ်ပြီး ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေး တာဝန်နှစ်မျိုးစလုံးအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်းသည် ပဲ့ထိန်းတိုက်ခိုက်ရေးလက်နက်များနှင့် စောင့်ကြည့်ထောက်လှမ်းရေးပစ္စည်းများကို သယ်ဆောင်နိုင်သောကြောင့် တိကျမှုနှင့် ကြာရှည်ခံနိုင်မှုလိုအပ်သည့်လုပ်ငန်းစဉ်များအတွက် ပြောင်းလွယ်ပြင်လွယ်ရှိသော စနစ်တစ်ခုဖြစ်သည်။ ဆော်ဒီလေတပ်၏ စစ်ဆင်ရေးများတွင် ဤစနစ် အောင်မြင်မှုရရှိခဲ့ခြင်းသည်ဒေသတွင်းပတ်ဝန်းကျင်အခြေအနေအောက်တွင် ၎င်း၏ စွမ်းဆောင်ရည်နှင့် ပြုပြင်ထိန်းသိမ်းမှု နှစ်ပိုင်းစလုံးအတွက် မျှော်မှန်းချက်များနှင့် ကိုက်ညီကြောင်း ဖော်ပြနေသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ၎င်း၏ မောင်းသူမဲ့ လေကြောင်းစွမ်းရည်များ တိုးချဲ့ရေးကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် Wing Loong II ကို စတင်အသုံးပြုခဲ့သည့် ပထမဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။ Wing Loong II ကဲ့သို့သော တရုတ်နိုင်ငံထုတ်စနစ်များကို ပေါင်းစပ်အသုံးပြုခြင်းသည် ဆော်ဒီအာရေဗျနိုင်ငံ၏ အနောက်အုပ်စုကာကွယ်ရေးကုမ္ပဏီများနှင့်လက်တွဲထားသည့် အပြိုင်မဟာဗိတ်များကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်သည်။ ၎င်းသည် စစ်ဆင်ရေးအဆင့်ရှိမှုနှင့် လိုက်လျောညီထွေရှိမှုကို ထိန်းသိမ်းရန်ရည်ရွယ်သည့် ဝယ်ယူရေးချဉ်းကပ်မှု အမျိုးစုံကွဲပြားစေခြင်းကို ထင်ဟပ်စေလျက်ရှိသည်။

ပျံသန်းချိန် နာရီ ၅၀၀၀ ပြည့်မြောက်မှုမှတ်တမ်းသည် ဆော်ဒီတော်ဝင်လေတပ်၏ မောင်းသူမဲ့စစ်ဆင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ရင့်ကျက်လာမှုကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ ဤစနစ်သည် ထောက်လှမ်းရေးအချက်အလက်စုဆောင်းခြင်းနှင့် တိကျစွာထိုးစစ်ဆင်ခြင်းလုပ်ငန်းများ နှစ်ခုစလုံးကိုဆောင်ရွက်နိုင်ခြင်းကြောင့် ဆော်ဒီတော်ဝင်လေတပ်သည် စောင့်ကြည့်ထောက်လှမ်းရေးနှင့် အရေးပေါ်တုံ့ပြန်မှု မစ်ရှင်များအတွက် အမှီခိုကင်းကင်းလုပ်ဆောင်နိုင်ရန် ၎င်း၏ စွမ်းရည်ကို ဆက်လက်မြှင့်တင်လျက်ရှိကြောင်း သိရသည်။

Chinese combat drones log over 5,000 flight hours in Saudi Arabia ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၃၇၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ဟုမ္မလင်း အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၃၇၁၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းမြို့နယ်တွင် မိုးစပါး ဧက ၆၄၂၉၀ စိုက်ပျိုးရန် အတွက်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၃၇၁၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ မိုးစပါးဧက ၆၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊မျိုးတွေဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲတတ်စေရေးတို့ကို အသိပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှ မက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် မိသားစုဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍သိရသည်။ (၂၀၆)

မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် အောက်တိုဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရေချိုဘူတာကျေးရွာအုပ်စု ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရေချိုဘူတာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၅၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ/မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေချိုဘူတာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ဦးကို ငွေကျပ် ၂၁ ဒသမ၂၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ဦးကို ငွေကျပ် ၂၅ဒသမဖ၅သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ဦးကို ငွေကျပ် ၅ ဒသမ ၅၅ သန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ဒသမ၁၃သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို ငွေကျပ် ၅၃ဒသမ၅၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

လပွတ္တာမြို့နယ်တွင် ငါးကွမ်းရှုပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

လပွတ္တာ အောက်တိုဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ငါးကွမ်းရှုပ်ခြောက်များ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍သိရသည်။

လပွတ္တာမြို့နယ်တွင် ပင်လယ် ငါးကွမ်းရှုပ်ခြောက်များကို ထုတ်လုပ်ပြီး ဝယ်ယူသည့် ဒေသများကို တင်ပို့ရောင်းချ လျက်ရှိကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိသည့် ငါးကွမ်းရှုပ်ခြောက်များ တစ်ရက်လျှင် ပိသာချိန် ၂၅၀၀ မှ ၃၅၀၀ ထိ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

"ပင်လယ်ငါးကွမ်းရှုပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုလ ဒုတိယအပတ်လောက်ကတည်းက စတင်ပြီး အရောင်းအဝယ် ကောင်းမွန်နေတာပါ။ အခု ငါးကွမ်းရှုပ်ခြောက်ဈေးကလည်း အနည်းအငယ် မြှောက်လာပါတယ်။ ဒေသထွက် ငါးကွမ်းရှုပ်ခြောက် အပါအဝင် ငါးခြောက်အစုံကို ရန်ကုန်ဘက်က ဝယ်ယူအား ကောင်းနေတာကြောင့်ပါ။ ပိုမိုရောင်းအားရှိနေတာကတော့ ငါးကွမ်းရှုပ်ခြောက်ပါ"ဟု လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များကိုပြုလုပ်ပြီး ဒေသထွက် ငါးကွမ်းရှုပ်ခြောက်များ အပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှုပ်ခြောက် ၁၀ ပိသာလျှင် ငွေကျပ် ၃၀၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ပေါင်းတည်မြို့နယ် ကန်ယေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပေါင်းတည် အောက်တိုဘာ ၁၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ယေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကန်ယေကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၃၇ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၆ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ ဦးကို ငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေထံမှ သိရသည်။ **သုတ**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရိုတံခါးများကိုဖွင့်ထားပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ဧေဟာဌ် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးတို့ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနား ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ NCA လက်မှတ်ရေးထိုးရာတွင် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ ပါဝင်ခဲ့မှုအခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် အလေးထားလျက်ရှိမှုအခြေအနေများ၊ မြန်မာ–တရုတ် နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးစွာဖြင့် အေးအတူပူအမျှ မဟာဗျူဟာမြောက် ဆက်ဆံရေးရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့်အပေါ် တရုတ်နိုင်ငံအနေဖြင့် အားပေးထောက်ခံလျက်ရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲကျင်းပရာတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲပေးနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး အဖွဲ့များဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun အား ရွေးကောက်ပွဲကျင်းပပြုလုပ်စဉ်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)စက်များကို ပြသစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား ရွေးကောက်ပွဲကျင်းပပြုလုပ်စဉ်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) စက်များအား ပြသရာ ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက မဲပေးစက်၏ လုပ်ငန်းလုပ်ဆောင်မှုအဆင့်ဆင့်အားရှင်းလင်းပြသခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr.Evgeny Grigoryev တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံအမတ်ကြီး H.E. Mr. Iskander AZIZOV နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူငယ်ကဏ္ဍ၊ ဆောက်လုပ်ရေးနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌနှင့် ဘယ်လာရုစ်တေးဂီတအဖွဲ့ခေါင်းဆောင်တို့က ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

☆ **ကျောဖုံးမှအဆက်**

ရုရှားနိုင်ငံနှင့် ဘယ်လာရုစ် နိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက် ရောက်လာကြသူများသည် **"ယဉ်ကျေးမှု ဖလှယ်မှုမှသည် ချစ်ကြည်ရင်းနှီးမှုများ ဆီသို့"** Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် ရုရှား-မြန်မာချစ်ကြည်ရေး အသင်းမှ ဒုတိယဥက္ကဋ္ဌက မိတ်ဆက်စကား ပြောကြားပြီး ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေမည့်အနုပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်အား စတင်ကျင်းပရာ ဘယ်လာရုစ်နိုင်ငံမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်ဝန်ထမ်းများနှင့် မြန်မာနိုင်ငံ ဆိုင်ရာရုရှားဖက်ဒရေးနိုင်ငံသံရုံးမှ ဝန်ထမ်းများက "ရုရှားနှင့်ဘယ်လာရုစ်-သွေးရင်းအစ်ကို ညီရင်းနှမ (Two Rus's- Belarus and Russia, Two Sisters)" တေးသီချင်း၊ "ခေါင်းလောင်းသံ(Bells)" တေးသီချင်း၊ "နန်းသိင်္ဂီ"နန်းတွင်းယိမ်းအက၊ ''The River Flows''တေးသီချင်း၊ "ဘော်ဒကာတစ်ခွက်နဲ့ နှုတ်ဆက်မယ်" တေးသီချင်း၊ "ပန်းပုသူဇော" တေးသီချင်း၊ "မျက်ဝန်း(My eyes)" တေးသီချင်း၊ "လယ်ဘယ်ဒူးရှ်ကာ (Lebedushka)"အက၊ "မနောကြည်ချိုမြ ဖြောစည်တိုအက"၊ "ကျူးလစ်ပန်း(Tulips)" တေးသီချင်း၊ "ဒို့ရှာနီ(Red Sloboda)" တေးသီချင်း၊ "မြိုင်ဆိုင်မြူးကြွမင်းသားအက"၊ "ကြော်တံစဉ် ကျွန်တော်တံစဉ် (Oh, My Scythe)"တေးသီချင်း၊ "ကာလင်ကာ (Kalinka)"အက၊ ''Belarus and Myanmar''တေးသီချင်း၊ "မြန်မာ"တေးသီချင်း၊ "သကြီန်"တေးသီချင်း၊ ''Kupalinka'' တေးသီချင်း၊ ''St.Petersburg and Myanmar''တေးသီချင်း၊ "ပုဂံ"တေးသီချင်း၊ "အတူရှိမယ် မြန်မာ(We are With You Myanmar)"တေးသီချင်း၊ "မြန်မာဟေ့" တေးသီချင်း၊ "ကာကျူးရှာ(Katush)" တေးသီချင်း၊ "အမိမြေ(Matushka Zemnya Mother Land)"တေးသီချင်း၊ ''Love Me'' တေးသီချင်း၊ "ပန်းရောင်စုံ(All the Flowers)"တေးသီချင်းနှင့် "တောင်းဆုခွေ (I want to wish)" တေးသီချင်းတို့ဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သီဆိုဖျော်ဖြေခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ယင်းနောက် ရုရှား-မြန်မာ ချစ်ကြည်ရေး အသင်းဒုတိယဥက္ကဋ္ဌနှင့် ဘယ်လာရုစ် တေးဂီတအဖွဲ့ခေါင်းဆောင်တို့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌထံ ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ၫင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဖျော်ဖြေရေးအဖွဲ့များနှင့် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev က မြန်မာနိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံမှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၄

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ် လမ်းညွှန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှမန်ခရီးစဉ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဘာသာရပ်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်၍ ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာ့သဘာဝရော်ဘာ ရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ရေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ် လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ယွမ်ငွေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လက်ခံဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ နည်းပညာမြှင့်တင်၍ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေး၊ သတ္တုဆင့်တက် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် အဆိုပါကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများစီးဝင်ရေး၊ AI အပါအဝင် နည်းပညာမြှင့်တင်နိုင်ရေးအတွက် တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရန်ကုန်မြို့နှင့် ချန်ဒူးမြို့ တိုက်ရိုက်လေကြောင်းလိုင်းနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူကျန်ပြည်နယ် ရှမန်ခရီးစဉ်တွင် ရှမန်မြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြပွဲတွင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများက ပြခန်းဝင်ရောက်ပြသနိုင်ခဲ့မှုအခြေအနေနှင့် စီးပွားရေးအဆက်အသွယ်များ၊ ခရီးစဉ်အတွင်း ရှမန်နှလုံးသွေးကြောဆိုင်ရာ အထူးကုဆေးရုံကြီးနှင့် ဆေးပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ခဲ့မှုအပေါ် လုပ်ငန်းခွင်သင်တန်း၊ လက်တွေ့ကုသရေးသင်တန်းသားများ ရွေးချယ်စေလွှတ်ရေးအခြေအနေများနှင့် ရန်ကုန်မြို့နှင့် ရှမန်မြို့ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေးနှင့် မြန်မာနိုင်ငံက ရေထွက်ကုန်များနှင့် ဆန်ကို တိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အလားတူ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ခရီးစဉ်တွင်လည်း မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေး တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အသေးစိတ်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံက ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရော်ဘာ၊ ချုပ်ပြီး အဝတ်အထည်နှင့် ရေထွက်ပစ္စည်းများ တင်ပို့နိုင်ရေးကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ဆေးဝါးကဏ္ဍ၌ ဆေးဝါးနှင့် ဆေးကိရိယာပစ္စည်းများ အထူးသဖြင့် ကင်ဆာရောဂါကုသရေးဆေးဝါးများ တင်သွင်းဆောင်ရွက်ရေး၊ ဘယ်လာရုစ်နိုင်ငံထုတ်လယ်ယာသုံး စက်ကိရိယာပစ္စည်းများ အရောင်းပြခန်း ဖွင့်လှစ်မိတ်ဆက်ရေး၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံ ခရီးသွားကဏ္ဍတို့အကြား Package Tour များ စီစဉ်ဆောင်ရွက်ရေး၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များဖော်ထုတ်ရေး ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါကဏ္ဍများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်အတွက် ဖိတ်ကြားထားသည့် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက ကဏ္ဍအလိုက် ဆွေးနွေးပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်လာရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ထို့အတူ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုတိုးတက်မြင့်မားလာစေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံဖြစ်သဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တရုတ်ယွမ်ငွေဖြင့် လက်ခံဆောင်ရွက်နိုင်ရေး အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ တိုးမြှင့်စေရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့်အခြေအနေများ၊ သွင်းကုန်အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်ဆောင်ရွက်မှုအခြေအနေများ၊ EV မော်တော်ယာဉ် တင်သွင်းထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ SKD၊ CKD စနစ်မှတစ်ဆင့် MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ဈေးကွက်သတင်း ရရှိရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရော်ဘာနှင့် ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအသင်းအဖွဲ့များက ကြိုတင်ပြင်ဆင်ထားရှိရေးကိစ္စများ ဆွေးနွေးခဲ့ကြောင်းနှင့် တက်ရောက်လာသော စီးပွားရေးအဖွဲ့အစည်းများကလည်း လိုအပ်သည်များ အကြံပြုဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုအခြေအနေ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စာချုပ်ချုပ်ဆို ဆောင်ရွက်ထားရှိမှုအခြေအနေ၊ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး၊ကုန်စည်ပြပွဲနှင့် စီးပွားရေးဖိုရမ်များ ကျင်းပနိုင်ရေး၊ စက်မှုနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် တက်ရောက်လာသည့် တာဝန်ရှိသူများက နယ်ပယ်ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူများ နေ့စဉ်သုံးစွဲရန်လိုအပ်သည့် စက်သုံးဆီကို သင့်တင့်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေး အထူးအလေးထား စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်သူများ နေ့စဉ်သုံးစွဲရန် လိုအပ်သည့်စက်သုံးဆီကို သင့်တင့်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ်အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ချိတ်ဆက်ထားသော အဓိကလမ်းပိုင်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဓိကမြို့ကြီးများမှ စက်သုံးဆီအရောင်းဆိုင်များကို စက်သုံးဆီများ ကြိုတင်ဖြည့်တင်းထားသည့်အပြင် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ထပ်မံဖြည့်တင်းပေးနိုင်ရန် ဆီတင်ယာဉ်ကြီးများကို စက်သုံးဆီအပြည့်ဖြည့်တင်းပြီး ဒေသအလိုက်စီမံထားရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ပြည်သူများအတွက် လိုအပ်သည့် စက်သုံးဆီသုံးစွဲမှုကို သင့်တင့်သောဈေးနှုန်းဖြင့် လွယ်ကူအဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရန်အတွက် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်း၊ စက်သုံးဆီအမျိုးအစားအလိုက် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်စေရေးတို့ကို စဉ်ဆက်မပြတ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စီမံဆောင်ရွက်လျက်ရှိသည့်အတွက် အာရုပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျက်ရှိသော်လည်း မြန်မာကျပ်ငွေခိုင်မာပြီး နိုင်ငံခြားငွေလဲလှယ်မှုနှုန်း ကျဆင်းသဖြင့် ပြည်တွင်း စက်သုံးဆီဈေးနှုန်းများလည်း ကျဆင်းကာ အများပြည်သူနှင့် လုပ်ငန်းရှင်များအနေဖြင့် သင့်တင့်သောဈေးနှုန်းဖြင့် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် အဆင်ပြေချောမွေ့လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်လျက်ရှိသည်။

နိုင်ငံအတွင်းရှိ စက်သုံးဆီလိုအပ်ချက်၏ ၉၇ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းနေရသော်လည်း တင်သွင်းမှုကိုအစားထိုးလျှော့ချနိုင်ရန်အတွက် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုမိုတိုးတက်ရှာဖွေထုတ်လုပ်ခြင်း၊ လက်ရှိရေနံချက် စက်ရုံများကို အဆင့်မြှင့်မွမ်းမံပြင်ဆင်ခြင်း၊ ရေနံချက်စက်ရုံအသစ်များထပ်မံတည်ဆောက်ခြင်းတို့ကို စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အတူ လယ်ယာထွက်သီးနှံများဖြစ်သည့် ပြောင်း၊ ကြံ၊ ဆန်ကွဲစသည့်ကုန်ကြမ်းများမှ တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်သော ရေမဲ့အီသနောနှင့် ပြည်တွင်းထုတ်ဓာတ်ဆီတို့ကို သတ်မှတ်အချိုးအစားအတိုင်း ရောစပ်ကာ ဇီဝလောင်စာဆီအဖြစ် ပြည်တွင်း၌ ကျယ်ပြန့်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြည်သူများ စက်သုံးဆီဝယ်ယူရာတွင် ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် Google Play Store ၌ MPTA FM Application ကို လက်ကိုင်ဖုန်းများတွင် Download ပြုလုပ်ပြီး မိမိရောက်ရှိနေသည့် နေရာ၏ အနီးပတ်ဝန်းကျင်တွင် ဖွင့်လှစ်ထားသည့် စက်သုံးဆီ အရောင်းဆိုင်များ၏ ဖွင့်လှစ်မှုအခြေအနေ၊ ယင်းဆိုင်များရှိ စက်သုံးဆီအမျိုးအစားနှင့် ရောင်းဈေးနှုန်းတို့ကိုကြည့်ရှု၍ နှစ်သက်ရာအရောင်းဆိုင်တွင် ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ဆည်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည့် ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

မန္တလေး အောက်တိုဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် သင်းတောင်းကြီးရွာရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေသိမ်တော် စေတီတော်သို့သွားရောက်ပြီး စေတီတော်တွင် ကိန်းဝပ်အပူဇော်ခံထားသည့် အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မဟာရွှေသိမ်တော် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုမှု အလှူငွေများ လှူဒါန်းပြီး စေတီပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုကာ ပင်မကျောင်းဆောင်တော်ကြီး မိုးလုံ၊ နေလုံ ရင်ပြင်တော် တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ဆည်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည့် ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ စားရေရိုက္ခာဖူလုံရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရန်၊ စိုက်ပျိုးရေးထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်စေရန်၊ ပြည်တွင်းစားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် လျှော့ချနိုင်ရေးအခန်းကဏ္ဍများတွင် စိုက်ပျိုးရေးလုပ်ကိုင်နေသည့် တောင်သူဦးကြီးများ ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်လိုက်ပါဆောင်ရွက်ခြင်းဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းလျော့နည်းသည့်သီးနှံများကို ပိုမိုထုတ်လုပ်နိုင်ကာ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်၍ စျေးကောင်းရရှိပြီး စားသုံးသူများအတွက်လည်း ဘေးအန္တရာယ်ကင်းရှင်းမည်ဖြစ်ပါကြောင်း၊ စပါး၊ ပဲတီစိမ်းနှင့် မတ်ပဲ အဓိကစိုက်ပျိုးသည့် တောင်သူများ ကျယ်ပြန့်စွာသိရှိနိုင်ရေး ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ဆွေးနွေးပွဲမှ ရရှိလာမည့်အသိပညာများ၊ အတွေ့အကြုံများနှင့် နည်းပညာများဖြင့် လက်တွေ့နယ်ပယ်တွင် ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရန်၊ ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် အားလုံးပူးပေါင်းကာ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးဦးဇော်လင်းက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားမည့်အစီအမံများနှင့် ဆွေးနွေးပွဲမှရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ပြီး ဆွေးနွေးပွဲ၌ သီးနှံကာကွယ်ရေးဌာနခွဲ၊ မြေအသုံးချရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးခဲ့ကြကြောင်းနှင့် တက်ရောက်လာသူများက သိလိုသည်များကိုပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ဆွေးနွေးပွဲသို့ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်နေသူများနှင့် တောင်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)က ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ ဓာတ်ကြွင်းလျော့နည်းအောင် ရိတ်သိမ်းရမည့်နည်းလမ်းနှင့် ပိုးသတ်ဆေးဆိုင်ရာ တားမြစ်ချက်လိုက်နာရမည့်စည်းကမ်းများ ပညာပေးစာစောင် ၁၁ မျိုး အစောင် ၂၂၀၀၊ အပင်ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းနည်းပညာပေးစာအုပ်သုံးမျိုး စာအုပ် ၆၀၀ ကို တက်ရောက်ကြသည့် တောင်သူများနှင့် လုပ်ငန်းရှင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ တွင် အခမဲ့ရယူ၍ အောက်တိုဘာ ၁၇ ရက် နောက်ဆုံးထားလျှောက်ထားနိုင်သည်။

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ခိုင်လုံသောအကြောင်းရင်းမရှိဘဲ လူနေကျေးရွာများဘက် အကြမ်းဖက်သမားတွေရဲ့ ရှောတိုက်ခိုးပစ်ခတ်မှုကြောင့် စာသင်သားကိုရင်များ သေဆုံးထိခိုက်ခဲ့ရ"** ခေါင်းစဉ်ဖြင့် ၁၅-၁၀-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မူးယစ်ဆေးဝါးနဲ့ ရပ်တည်နေရတဲ့ မူးယစ်ဂိုဏ်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-စ၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Shwe Thet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄ဖ)ရပ်ကွက်နေ သက်ကိုကို(ခ)သမီးဆိုး ၄၅ နှစ်အားည ၈ နာရီတွင် ပြင်ဦးလွင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ဒီပါဝလီနေ့ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်) တနလင်္ဂနေ့သည် "ဒီပါဝလီနေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၉၀/၂၀၂၅ ဖြင့် ကြေညာထားသည်။ **(သတင်းစဉ်)**

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၄ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့်တာဝတိံသာစေတီတော်နှင့် အရံစေတီတော်များ ရွှေထီးတော်တင်လှူပူဇော်ပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲပြုလုပ်

ဆရာတော်ထံ စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် ဇေယျမင်္ဂလာကျောင်းတိုက်အတွင်းရှိ ဆုတောင်းပြည့်တာဝတိံသာစေတီတော်နှင့် အရံစေတီတော်များ ရွှေထီးတော်တင်လှူပူဇော်ပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက ဇေယျမင်္ဂလာ ကျောင်းတိုက်အတွင်း ပြုလုပ်ရာ မြစ်ကြီးနားမြို့ ခေမာသီဝံ ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓေ မဟာရဋ္ဌဂုရု ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဆရာတော် ဘဒ္ဒန္တစန္ဒာဝရာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးက စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စေတီတော်တည်ဆောက်ရာတွင် ပါဝင်လှူဒါန်းကြသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် စေတီတော်အား လှည့်လည်ပူဇော်ပြီး မဂ်လာအချိန်တွင် မဂ်လာရထားပျံဖြင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား တင်လှူပူဇော်ခြင်း၊ အရံစေတီများ ရွှေထီးတော်တင်လှူပူဇော်ခြင်း၊ ရွှေထီးတော်မြတ်အား ပရိတ်နံ့သာရည်၊ ရေစင်ရေသန့်တို့ဖြင့် ပက်ဖျန်းသွန်းလောင်းပူဇော်ကြသည်။ ၎င်းနောက် သံဃာတော်များက စေတီတော်ကြီးနှင့် အရံစေတီတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်ကြပြီး ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ယင်းနောက် ဆရာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူ၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ကျောက်မဲမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းတို့၌ ကျောင်းအပ်နှံမှုများလက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၈ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်းတို့တွင် ကျောင်းအပ်စတင်လက်ခံခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက် အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၅၄ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ ၂၇၆၀ ကျောင်းတက်ရောက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့် ဒေသမှ ကျောင်းသား၊ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရသည်။

ကျောက်မဲမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဒေသခံတိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။

ကျောက်မဲမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးဆောင်ရွက်ပေးစဉ်။

ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၆ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာ ငါးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co.,Ltd.က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co., Ltd.က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Grand Sirius Co.,Ltd.က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၃/၂၀၂၅) ထုတ်ပြန်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) ကို ပြည်တွင်းနှင့် နိုင်ငံတကာ အသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့သည်မှာ ယနေ့တွင် ၁၀ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည် လွှတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှု စသည်တို့ကိုအခြေခံကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ပါဝင်သင့်သူအားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ဦးတည်ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။

၂။ ယင်းဦးတည်ချက်နှင့်အညီ ၂၀၂၅ ခုနှစ်အတွင်း နယ်ပယ်အသီးသီးမှ အဖွဲ့အစည်းများ၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်များပါဝင်သည့် ငြိမ်းချမ်းရေးစကားဝိုင်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ယင်းဆောင်ရွက်ချက်များသည် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။ ငြိမ်းချမ်းရေးရရှိမှသာ တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းလာပြီး လူ့အခွင့်အရေးများ ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

၃။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများတွင် ငြိမ်းချမ်းရေးပျက်ပြားစေတတ်သည့် အရေးကိစ္စရပ်များကို ပြေလည်ကျေအေးအောင်ဆောင်ရွက်ရာ၌ တရားမျှတမှုအခြေခံမူများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေများနှင့်အညီ ငြိမ်းချမ်းသောနည်းလမ်းများ ကျင့်သုံးရန် ချမှတ်ထားပါသည်။ ထို့အတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၂)၌ လူတိုင်းကို မည်သည့်အကြောင်းကြောင့်မျှ ခွဲခြားမှုမပြုဘဲ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များရရှိစေရန် ဖော်ပြထားသကဲ့သို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)၏ အခြေခံမူများတွင်လည်း ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူ အခွင့်အရေးရရှိစေရန်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၄။ ယင်းအခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်ရန်နှင့် တရားမျှတမှုနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသော ဒီမိုကရေစီဖက်ဒရယ်စနစ် ဖော်ဆောင်ရာတွင် နိုင်ငံတွင်းပစ်ခတ်တိုက်ခိုက်မှုများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရရှိရန် အားလုံးက ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတွင်းပစ်ခတ်တိုက်ခိုက်မှုများရပ်စဲစေရေးအတွက်သာမက ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေး (Right to Development) အတွက် ကြီးမားစွာအထောက်အပံ့ဖြစ်စေပါသည်။

၅။ နိုင်ငံတွင်းမှီတင်းနေထိုင်ကြသူများအားလုံး၏ လူမှုဘဝပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းသောနိုင်ငံတော်ဖြစ်ပေါ်လာစေရေးကြိုးပမ်းသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုပါကြောင်းနှင့် ဆက်စပ်ကျင်းပမည့် ဆွေးနွေးပွဲများကို ကြိုဆိုပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်

မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Center များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Center ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှ စာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၉-၈၈၁၇၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆
(၂) ၀၉-၄၂၂၄၄၄၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၈
(၂) ၀၉-၈၈၆၈၃၂၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၆၅၂၂၃

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၁၁၁
(၂) ၀၅၉-၂၀၂၃၅၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(စျ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၂၁၆
(၂) ၀၅၂-၂၂၀၁၉၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၈၉
(၂) ၀၆၃-၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉- ၅၂၀၂၆၅၅

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄ဝ၀ဝ၇ဝ၉ဝ၃

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၅၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄ဝ၀ဝ၇ဝ၉ဝ၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၁၅၅၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄ဝ

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၄၆၁
(၂) ၀၄၂-၂၃၀၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၀၃

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဥဏ္ဍာန်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန	၂။ ဥပဒေရေးရာဝန်ကြီးဌာန	၃။ ပြန်ကြားရေးဝန်ကြီးဌာန	၄။ Myawady Webportal	၅။ Myanmar National Portal
(https://www.mod.gov.mm)	(https://www.mlis.gov.mm)	(https://www.moi.gov.mm)	(https://myawady.net.mm)	(https://myanmar.gov.mm)

တောင်ဆူဒန်နိုင်ငံတွင် ရေလွှမ်းမိုးခြင်းကြောင့် လူ ၈၉၀၀၀၀ခန့် ထိခိုက်ခဲ့ကြောင်း ကုလသမဂ္ဂထုတ်ပြန်

ဂျူဘာ အောက်တိုဘာ ၁၄

တောင်ဆူဒန်နိုင်ငံတွင် ရေလွှမ်းမိုးခြင်းကြောင့် လူ ၈၉၀၀၀၀ ခန့် ထိခိုက်ခဲ့ကြောင်း ကုလသမဂ္ဂကထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုညှိနှိုင်းရေးဌာန (OCHA)၏အစီရင်ခံစာအရ တောင်ဆူဒန်နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် နိုင်းမြစ်ရေတက်မှုများကြောင့် ရေလွှမ်းခြင်းများသည် ယခုထိဆက်လက်ဖြစ်ပွားနေသည်ဟု ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် နိုင်ငံတွင် ရေဘေးသင့်ပြည်သူ ဦးရေအများစုမှာ ဂျွန်ဂလေးနှင့် ယူနိတီပြည်နယ်တို့မှဖြစ်ကြောင်း၊ အဆိုပါ ရေဘေးသင့်ပြည်သူများ၏ သုံးပုံတစ်ပုံခန့်သည် ၎င်းတို့နေထိုင်ရာနေအိမ်များကို စွန့်ခွာ၍ ရေဘေးလွတ်ရာတွင် နေထိုင်နေကြရကြောင်း သိရသည်။

ရေလွှမ်းခြင်းများကြောင့် လူနေအိမ်များ၊ လယ်ယာသီးနှံစိုက်ခင်းများ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးစင်တာများ၊ လမ်းများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ပြီး လူသားချင်းစာနာမှု ကယ်ဆယ်ရေး အဖွဲ့များအတွက် လုပ်ဆောင်ရန် အခက်အခဲများ ဖြစ်ပေါ်လာနေကြောင်း သိရသည်။

ကုလသမဂ္ဂနှင့် ၎င်း၏လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြပြီး ရေဘေးသင့်ပြည်သူများ နားနေရန်နေရာများ၊ အစားအစာနှင့် အာဟာရကူညီမှုများ၊ ပုံပိုးငွေများ၊ ကျန်းမာရေး၊ ရေသန့်နှင့် တစ်ကိုယ်ရည်သုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

ဩစတြေးလျှနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် BoM က အပူချိန်မြင့်တက်မှု သတိပေးချက်ထုတ်ပြန်

ကင်ဘာရာ အောက်တိုဘာ ၁၄

ဩစတြေးလျှနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် အောက်တိုဘာ ၁၃ ရက်မှစတင်၍ အပူလှိုင်းဖြတ်သန်းခဲ့ပြီး အပူချိန်မြင့်တက်မှုများဖြစ်ပေါ်နေမှုကြောင့် မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(BoM)က အပူချိန်မြင့်တက်မှု သတိပေးချက် ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါအပူချိန်မြင့်တက်နေမှုများကြောင့် အမိုးအကာမရှိသည့် နေရာများတွင် အလုပ်လုပ်ကိုင်ဆောင်ရွက်နေရသူများနှင့် ကာယလုပ်သားများအနေဖြင့် အထူးသတိပြုကာ နေထိုင်ကြရမည်ဖြစ်ကြောင်း၊ BoM ၏ ခန့်မှန်းချက်အရ အပူချိန် မြင့်တက်မှုသည် စံချိန်တင် အပူချိန်မြင့်တက်မှုဖြစ်ပေါ်လာနိုင်ပြီး ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အပူချိန် မြင့်တက်မှုမှာ ပိုမိုဆိုးရွားသွားနိုင်ကြောင်း သိရသည်။

ကွင်းစလန်းပြည်နယ်တွင် လက်ရှိ အပူချိန်ပမာဏမှာ ၃၆ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီး အချို့သောဒေသများတွင် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၂ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အချို့သောဒေသများတွင် ၁၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း သိရသည်။

"ကွင်းစလန်းပြည်နယ်မှာ အပူလှိုင်းဖြတ်သန်းပြီးတော့ နေ့ရောညပါ အပူချိန် မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်မှု အဆိုးရွားဆုံးအခြေအနေကို ရောက်ရှိနိုင်တဲ့ကာလကတော့ ဒီဇင်ဘာလကနေ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် ဆောင်းရာသီကာလဟာ အပူချိန်မြင့်မားတဲ့ ဆောင်းရာသီကာလ ဖြစ်လာနိုင်ပါတယ်။ ဒီကာလမှာတော့ အမိုးအကာမရှိတဲ့ နေရာတွေမှာ အလုပ်လုပ်ကိုင်နေတဲ့သူတွေ၊ ကာယလုပ်သားတွေအတွက် အထူးသတိပြုရမဲ့ ကာလဖြစ်ပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် ရေဓာတ်ခန်းခြောက်တာတွေ၊ အပူရှပ်တာတွေနဲ့ နှလုံးနဲ့ဆိုင်တဲ့ ရောဂါဝေဒနာတွေကို အထူးသတိပြုသွားရမဲ့ ကာလဖြစ်ပါတယ်"ဟု မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(BoM)မှ အကြီးတန်းမိုးလေဝသ ခန့်မှန်းပညာရှင်တစ်ဦးဖြစ်သူ ဘရက်ဘူရီက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

လော့စ်အိန်ဂျလိစ်တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နေမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်

ဝါရှင်တန် အောက်တိုဘာ ၁၄

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်ကောင်တီတွင် အားကောင်းသည့် မုန်တိုင်းဝင်ရောက်တိုက်ခတ်နေမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းသည် အောက်တိုဘာ ၁၃ ရက်ညက စတင်ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၄၀ မှ ၅၅ မိုင်ထိ မြင့်တက်နေကြောင်း၊ မိုးရေချိန်မှာလည်း ၁ ဒသမ ၅ လက်မထိ မြင့်တက်သွားနိုင်ကြောင်း နေရှင်နယ် မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

သို့သော်လည်း တောင်ခြေများ အနီးတွင်ရှိသော ဧရိယာများ၌ မိုးရေချိန်မှာ ၃ ဒသမ ၅ လက်မထိ မြင့်တက်သွားနိုင်ပြီး တောင်ကျရေများကြောင့် အန္တရာယ်ရှိသည့် မြေပြိုကျမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့ အစည်းက သတိပေးခဲ့သည်။

"မုန်တိုင်းကြောင့် လေတိုက်နှုန်းတွေမြင့်မားနေပြီးတော့ မိုးရွာသွန်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရလေ့ရှိတဲ့ ဧရိယာတွေမှာ နေထိုင်တဲ့ ဒေသခံတွေကိုလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေ ဖြစ်ပေါ်လာရင် ပြည်သူတွေ ဘေးကင်းစေဖို့အတွက် ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေ ပြုလုပ်နေပါတယ်" ဟု ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ စတိဝက်ဒ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

နိုင်ဂျီးရီးယားနိုင်ငံ အိုဘိုင်အို-အက်ပူနယ်မြေတွင် ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးသေဆုံးကာ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်း

အဘူဂျာ အောက်တိုဘာ ၁၄

နိုင်ဂျီးရီးယားနိုင်ငံ အိုဘိုင်အို-အက်ပူနယ်မြေတွင် အောက်တိုဘာ ၁၃ ရက်က မြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားကာ လူနှစ်ဦးသေဆုံးခဲ့ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြား ရှိနေကြောင်း အိုဘိုင်အို-အက်ပူနယ်မြေအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူနှစ်ဦးသည် အိလစ်ဘိုလို ကျေးလက်ဒေသမှဖြစ်ပြီး ရေစီးနှင့်အတူမျောပါကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အိုဘိုင်အို-အက်ပူနယ်မြေရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထားရပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းရေးတွင် ပါဝင်ကူညီပေးနေကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် အိလစ်ဘိုလို ကျေးလက်ဒေသမှာ ဒေသခံညီအစ်ကို နှစ်ယောက် သေဆုံးခဲ့ပါတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်ပြီးတော့ မိသားစုဝင်တွေကို အသိပေး အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ သေဆုံးသူ နှစ်ယောက်ဟာ အသက် ၁၆ နှစ်အရွယ် မီရီကယ်ပီတာနဲ့ အသက် ၁၇ နှစ် အရွယ် အမ်မာပီတာတို့ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပါတယ်။ ရေဘေးကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူတွေကိုလဲ ဘေးကင်းဖို့အတွက်ကယ်ဆယ်ရေးဝန်ထမ်းတွေက အတတ်နိုင်ဆုံး ကူညီပေးနေပါတယ်"ဟု အိုဘိုင်အို-အက်ပူနယ်မြေ ရဲတပ်ဖွဲ့မှရဲအရာရှိ အိုင်ရင်ဂျီခိုခိုက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာသစ်တောပြုန်းတီးမှုရပ်တန့်ရေးရည်မှန်းချက် မပြည့်မီနိုင်သေးကြောင်း Forest Declaration Assessment အစီရင်ခံစာတွင် ဖော်ပြ

လန်ဒန် အောက်တိုဘာ ၁၄

၂၀၃၀ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ သစ်တောပြုန်းတီးမှုရပ်တန့်ရေးရည်မှန်းချက် မပြည့်မီနိုင်သေးကြောင်း ၂၀၂၅ ခုနှစ် Forest Declaration Assessment အစီရင်ခံစာတွင် ဖော်ပြထားသည်ဟုယနေ့သတင်းများအရ သိရသည်။

၂၀၃၀ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ သစ်တောပြုန်းတီးမှုရပ်တန့်ရေးရည်မှန်းချက် မပြည့်မီနိုင်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အလွန်အကျွံ လယ်ယာစိုက်ပျိုးခြင်း၊ တောမီးလောင်ကျွမ်းခြင်းများကြောင့် ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီရင်ခံစာအရ ၂၀၂၄ ခုနှစ်တစ်နှစ်အတွင်း ကမ္ဘာတစ်ဝန်းမှ သစ်တောပြုန်းတီးမှုဧရိယာသည် ၈ ဒသမ ၁ မီလီယံဟက်တာ ဖြစ်ပြီး အဆိုပါနှစ်၌ပင် ကမ္ဘာတစ်ဝန်းတွင် သစ်တောမြေ ၆ ဒသမ ၇၃ မီလီယံ ဟက်တာသည် တောမီးကြောင့် ပျက်စီးခဲ့ရကြောင်း၊ ၂၀၂၄ ခုနှစ် ကောက်ယူထားသော စစ်တမ်းများအရ တောမီးကြောင့် အမေဇုန်တောသည် ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါအစီရင်ခံစာတွင် သစ်တောများအများဆုံးပျက်စီးခဲ့သည့် နိုင်ငံများမှာ ဘရာဇီးနှင့် ဘိုလီးဗီးယားနိုင်ငံတို့ဖြစ်ကြောင်း၊ သတ္တုတွင်း၊ ရွှေနှင့် မိုင်းတွင်းလုပ်ငန်းများကလည်း သစ်တောပြုန်းတီးမှုကို ပိုမိုဆိုးရွားစေကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ သစ်တောပြုန်းတီးမှု ရပ်တန့်ရေးရည်မှန်းချက် အောင်မြင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးအကူအညီ ခန့်မှန်းခြေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၁၇ ဘီလီယံမှ ၂၉၉ ဘီလီယံ ဒေါ်လာထိ လိုအပ်မည်ဟု Forest Declaration Assessment အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

ကျော်တင့်(ရှေခရမ်း)

မိမိတို့နိုင်ငံသည် သဘာဝကပေးထားသည့် အရင်းအမြစ်များစွာ ပေါကြွယ်ဝပြီး အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးပါသောကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုတိုးမှ နိုင်ငံ့ဝင်ငွေတိုးမည်၊ နိုင်ငံ့ဝင်ငွေတိုးမှ နိုင်ငံအတွက်လိုအပ်သည့် ပြည်တွင်းစားသုံးမှု ဖူလုံရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်အစားထိုးရေးကဏ္ဍာတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး ဒေသတွင်းလည်ပတ်ရင်းနှီးငွေများ တိုးပွားလာမည်ဖြစ်ကာ မိမိတို့ဒေသမှတစ်ဆင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိမည်ဖြစ်သည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်တွင်နေထိုင်ကြပြီး လူဦးရေ၏ ၄၅ ဒသမ ၃ ရာခိုင်နှုန်းခန့်သည် လယ်ယာ သားငါး၊ သစ်တောနှင့် နီးနွယ်သည့် အလုပ်များကို လုပ်ကိုင်ကြသည်။ လယ်ယာစီးပွားအခြေပြုနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်မှာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်နိုင်ရန်လိုသည်။ တစ်ဇကပန်းတိုင်အထွက်နှုန်းများ တိုးတက်ရေးနှင့်သီးထပ်စွမ်းအားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်မှသာ ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိမည်ဖြစ်သည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေများရရှိပြီး ကုန်သွယ်မှုပိုငွေများပြားလာမည်ဖြစ်သကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း များစွာတိုးတက်လာမည်ဖြစ်သည်။

တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သော အရင်းအနှီးငွေကြေးများ၊ စိုက်ပျိုးနည်းစနစ်များကို အချိန်နှင့်တစ်ပြေးညီကူညီပံ့ပိုးပေးနိုင်ရေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာများကို အရည်အသွေးမီစနစ်တကျသုံးစွဲနိုင်ရေး၊ သီးနှံစေးနှုန်း၊ စေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူများထံသို့ အချိန်မီရောက်ရှိရေး၊ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသော စေးနှုန်းရရှိရေး၊ ကုန်သွယ်ဖက်နိုင်ငံများမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများက ပေါင်းစပ်ညှိနှိုင်းပံ့ပိုးကူညီပေးရေးတို့ကို ဆောင်ရွက်ပေးရန်လိုအပ်သည်။ နိုင်ငံတော်ကချမှတ်ထားသည့် ပို့ကုန်နှစ်ဆတိုးမြှင့်ကြေး လမ်းညွှန်ချက်နှင့်အညီ ပို့ကုန်အလားအလာအရှိဆုံး သီးနှံများဖြစ်သည့် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ ဖရဲ၊ ရေထွက်ကုန်ပစ္စည်းများကို သုတေသနပြုလေ့လာဆောင်ရွက်ပြီး အထွက်နှုန်းမြှင့်တင်နိုင်ရန်လိုအပ်သည်။

စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ထူထောင်လုပ်ကိုင်ကြရေးအတွက် နိုင်ငံတော်ကတွန်းအားပေးဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် ဝါး၊ ဝါနှင့်ရော်ဘာကို အခြေခံသည့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲက မကြာခဏဆိုသလို တိုက်တွန်းနှိုးဆော်လျက်ရှိသည်။ ဝါး၊ ဝါနှင့်ရော်ဘာတို့မှာ မိမိတို့နိုင်ငံ၏ ရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီ၍ စိုက်ပျိုးဖြစ်ထွန်းပတ်သက်ပြီး အဖျက်အမှောင့်၊ပိတ်ဆို့ဟန့်တားမှုများစွာနှင့် အကျပ်အတည်းများကို ကျော်လွှားနိုင်ရန်နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံ ကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် ပြည်ပပို့ကုန်ကို နှစ်ဆတိုးမြှင့်နိုင်ရေး ကြိုးစားဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ ယခုနှစ် စက်တင်ဘာ ၁၂ ရက်ကပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မိမိတို့အစိုးရ၏ ငါးနှစ်တာကာလအတွင်း ကုန်သွယ်မှုပိုငွေ ဒေါ်လာနှစ်ဘီလီယံကျော်ခန့်ရှိသည်ကိုတွေ့ရကြောင်း၊ သို့သော် ယခုထက်ပိုမို၍ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ကုန်သွယ်မှုပိုငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံစီးပွားရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

> ❖ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိသဖြင့် နိုင်ငံအတွင်းပညာတတ်လူသားအရင်းအမြစ်များ ထွန်းကားလာစေရေး နိုင်ငံတော်အစိုးရက မူဝါဒများ ချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိသည်။ အနည်းဆုံး အလယ်တန်းအဆင့်ထိ တက်ရောက်အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုပြီး ထိုမှတစ်ဆင့် ဆက်လက်တက်ရောက်နိုင်ရန် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံပညာကျောင်းများကို နိုင်ငံတစ်ဝန်း ဖွင့်လှစ်ပေးထားသကဲ့သို့ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုတက္ကသိုလ်၊ ကောလိပ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သို့မှသာ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံရေးနှင့် ထုတ်ကုန်တိုးမြှင့်နိုင်ရေးအတွက် ဆန်စပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးရေးနှင့် သား၊ ငါးကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံ၏ကုန်ထုတ်လုပ်မှု တိုးတက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများပြီး တစ်ဖက်တွင်လည်း ဆင်းရဲမှုလျှော့ချရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုတိုးတက်စေရန် လိုအပ်သည့်ကဏ္ဍများကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်ရှေသီးဖို့ကုန်ထုတ်လုပ်မှုအားပေးစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

– နေ့စဉ်ထုတ်သတင်းစာများ။

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

(၁)

တန်ဆောင်မုန်းလပြည့်နေ့မည်သော အင်္ဂါရပ်နှင့် လိုက်လျောညီထွေစွာဟု ပြောရပေမလားမသိ။ ရွာပြင်ကွင်းစပ် ကိုယ်ဝန်ဆောင်စပါးခင်းကြီးသည် မြောက်ပြန်လေအသုတ်တွင် ထွန့်ထွန့်လူးလှုပ်ရှားကခုန်နေ၏။ သို့ကြောင့်လည်း ဖုန်းတုန်းလုံးတုန်း တန်ဆောင်မုန်းဟု ခေါ်ခဲ့ကြဟန်တူသည်။

"ဟေ့ကောင်တွေ၊ တို့ မဲဇလီဖူးခူးဖို့ လာခဲ့ကြတာနော်"

ခင်မောင်က ခါတိုင်းလိုပဲ ဆရာကြီးလုပ်သည်။

"မဲဇလီဖူးတစ်ခုထဲနဲ့ လပြည့်ထမင်းချက်စားလို့ အဆင်မပြေလှဘူးနော်။ နောက်ဘာတွေလုပ်ရအုံးမလဲ စဉ်းစားရမှာ"

"ငါကတော့ ဘကြီးဦးကျော်မောင်တို့ခြံသွားပြီး ဘူးသီးချဉ်ရည်ကျိုဖို့ ဘူးသီးသွားတောင်းမယ်"

"ဘညွန့်ရယ် မင်းကလဲ တန်ဆောင်မုန်းလပြည့် ညချက်စားတဲ့ လပြည့်ထမင်းဆိုတာ ခိုးယူပြီးချက်စားရတာကွ။ ဒါကြောင့် ဒီညကို သူခိုးကြီးညလို့ ခေါ်ကြတာလေကွာ"

အကြွားသန်တတ်သော ဘိုးရွှေနွဲ့က သူ့ထက်သူ လူစွမ်းကောင်းလုပ်လိုစိတ်ရှိ၏။

"မင်းတို့က ခိုးမယ်ဆိုတာချည်းပဲ။ ဘာကို ခိုးရမှာလဲ"

"ဟေ့ကောင် ငကျန် မင်းအသိလက်တစ်ဆစ်ကလေးနဲ့လာပြောမနေနဲ့။ တို့မှာ အသားဟင်းတစ်ခုခု လိုနေတာလေ"

ဘိုးရွှေနွဲ့စကားမှာ ဟုတ်သလိုလိုရှိတာမို့ အကုန်လုံးငြိမ်နေလိုက်ကြသည်။

"ငါ မင်းတို့ကို တစ်ခုပြောပြမယ်"

"ပြောပါအုံး ဆရာကြီးရဲ့"

ဘိုးရွှေနွဲ့ကို ခင်မောင် ရွဲ့သလိုပြုလိုက်၏။

"ဒီလိုကွ။ တို့အိမ်နဲ့ကပ်လျက် ဦးဘိုးကျန်တို့အိမ်မှာ ကြက်တွေရှိတယ်။ ကြက်အိပ်တဲ့နေရာလဲ ငါသိတယ်။ အဲဒါ သွားဆွဲကြရအောင်ကွာ"

"ဟေ့ကောင်ကြီး အဲဒါမလုပ်သင့်ဘူးလေကွာ။ ဦးဘိုးကျန်တို့က သိပ်ဆင်းရဲကြတာလေ။ အိမ်တောင်ကောင်းကောင်းမွန်မွန်မရှိရှာဘူး"

"ဟေ့ ငတုံး၊ အဲဒါ ခွင်ပဲကွ။ မလုံခြုံတော့ ကြက်တွေဆွဲရတာ လွယ်တာပေါ့ကွာ"

ဘညွန့်ပြောစကားကို ဘိုးရွှေနွဲ့ အော်သလိုပြုလိုက်သည်။

"ဘိုးရွှေနွဲ့ပြောတာဟုတ်ပါတယ်။ တို့ ဒါပဲလုပ်ကြတာပေါ့"

ခင်မောင်ကပါ ထောက်ခံလိုက်ရာ ကြက်ခိုးရေးကိစ္စအတည်ဖြစ်သွားသည်။

(၂)

တန်ဆောင်မုန်းလပြည့် ညနေရီနေဝန်းနီကြီးသည် ရွာအနောက်ခြမ်း ဒီရေရောက်တောတန်းကြီးနောက်ကွယ်သို့ ဝင်ရောက်ပျောက်ကွယ်ပုန်းလျှိုးသွားခဲ့လေပြီ။ ဘညွန့်တို့သူငယ်ချင်းလေးဦး ရွာလယ် ဇရပ်ကြီးမှာ စုရုံးလိုက်ကြသည်။

"တို့ လပြည့်ထမင်းချက်ကြမှာတော့ ဟုတ်ပါပြီ။ ချက်တော့ ဘယ်မှာချက်မှာလဲ"

"ငကျန်ရေ မင်း တော်တော်တုံးတဲ့အကောင်ပဲ။ တို့ မဲဇလီဖူးတွေ၊ ဘူးသီးတွေ ဘယ်မှာထားလဲပြော"

"ဘိုးရွှေနွဲ့တို့အိမ်မှာလေ"

"ဒါဆို ဘိုးရွှေနွဲ့တို့အိမ်မှာပဲ ချက်မှာပေါ့ဟ"

ခင်မောင်က ငကျန်ကို ငယ်နိုင်ဝီဝီ အပိုင်ကိုင်လိုက်သည်။

ရွာထဲမှာတော့ အုပ်စုလိုက်ပဲ ထမင်းချက်သူချက်၊ ဟင်းရှာသူရှာနှင့် ဟိုနားတစ်စု၊ သည်နားတစ်စု ဖြစ်နေကြ၏။

"ဟေ့ကောင်တွေ တို့ပြောရင်းဆိုရင်းနဲ့ ညတောင် တော်တော်နက်သွားပြီနော်"

"အေး ဟုတ်တယ် ဟုတ်တယ်၊ လာကြ လာကြ"

ဘိုးရွှေနွဲ့က ဦးဆောင်ပြီး ရှေ့ကသွား၏။ သူငယ်ချင်းသုံးဦးက သူ့နောက်သို့ လိုက်ကြသည်။ ဘိုးရွှေနွဲ့တို့အိမ်နားအရောက်တွင် ပြိုင်တူရပ်လိုက်ကြသည်။ ဦးဘိုးကျန်တို့အိမ်မှာ ဘိုးရွှေနွဲ့တို့အိမ်နဲ့ ဘေးချင်းယှဉ်ရှိနေ၍ပင်ဖြစ်ပေသည်။ သာမန်ရွာသားများမှာ ညဉ့်နက်နေပြီမို့ အိပ်မောကျနေပေပြီ။ ဦးဘိုးကျန်တို့ အိမ်ကဆို ဟောက်သံများပင် ထွက်နေပေပြီ။

"ဟေ့ကောင် ငကျန် မင်းအရင်သွားလိုက်ပါလား။ ခန်းဆင့်အောက်က ဝါးလုံးတန်းလေးမှာ ကြက်တွေ တန်းစီပြီး အိပ်နေကြတယ်။ တစ်ကောင်ရအောင် ဆွဲခဲ့စမ်းကွာ"

ဘိုးရွှေနွဲ့က ထုံးစံအတိုင်း သူက ဆရာကြီးလုပ်ချင်သည်။

"ဘိုးရွှေနွဲ့ရယ် တို့အဖွဲ့မှာ မင်းကဆရာကြီးပဲ။ အခုလဲ မင်းပဲစီစဉ်တာလေ။ မင်းအရင်သွားလိုက်ပါလား။ မင်းပဲ စထွက်ပေါ့ကွာ"

"ကဲ ဟုတ်ပြီ။ အဲဒါဆို ငါပဲ သွားလိုက်ပါမယ်"

ခင်မောင် တစ်ခွန်းတင်ပေးလိုက်ရာ ဘိုးရွှေနွဲ့မှာ မငြင်းသာတော့ဘဲ စတင်လှုပ်ရှားလိုက်ရတော့သည်။

အိမ်နှစ်အိမ်ကြားကနေ ဖျတ်ခနဲကူးပြီး ဦးဘိုးကျန်တို့အိမ်နောက်ဘက်သို့ ဘိုးရွှေနွဲ့ ပြေးဝင်သွားလိုက်၏။ ဘိုးရွှေနွဲ့အိမ်အခြေအနေကို နားစွင့်လိုက်သည်။ လယ်ထဲယာထဲမှာ တစ်နေကုန်အင့်ားလိုက်အလုပ်လုပ်နေကြသူတွေမို့ မောမောပန်းပန်း အိပ်နေကြဟန်ရှိသည်။ တုတ်တုတ်မျှမလှုပ်ကြ။ ဟောက်သံသဲ့သဲ့ကိုတောင် ကြားလိုက်ရသည်။

ဘိုးရွှေနွဲ့ ကျေနပ်သွားသည်။ ခေါင်းကလေးငုံ့ပြီး ကြက်တွေ အိပ်တန်းအောက်သို့ဝင်လိုက်၏။ ဘိုးရွှေနွဲ့ ရင်တစ်ခုလုံး တဒိန်းဒိန်းခုန်နေသည်။ ဘိုးရွှေနွဲ့မှာ အပြောသာကြီးသည်။ တကယ်လုပ်ကြတော့မည် ဆိုလျှင် သတ္တိက ဘယ်ကိုရောက်ကုန်သည်မသိ။ ဘိုးရွှေနွဲ့ ဝါးနီးထရံပေါက်ကနေ လက်ကိုထိုးသွင်းလိုက်၏။ ကြက်အိပ်တန်းကို လက်ထိသွားပုံရသည်။ ကြက်တွေ "ကတော်ကတော်"အော်သွားကြသည်။ ဘိုးရွှေနွဲ့ လက်ကိုရုတ်ပြီး ပြေးထွက်လာခဲ့၏။

"မလွယ်ဘူးကွာ မလွယ်ဘူး။ ငါကြောက်တယ် မဆွဲရဲဘူး"

"ဟေ့ကောင် ဘိုးရွှေနွဲ့ မင်းကြွားလွန်းလို့ ငါ စမ်းကြည့်တာ"

ဘိုးရွှေနွဲ့မှာ ကိုယ့်အားနည်းချက်ကြောင့် ခင်မောင်ပြောစကားကို မတုံ့ပြန်နိုင်တော့ဘဲ ငြိမ်ငြိမ်ကလေးနေလိုက်ရတော့သည်။

"ကဲ...သူငယ်ချင်းခင်မောင် ဒီတစ်ခါတော့ မင်းအလှည့်ပဲ။ မင်းလဲ ဘိုးရွှေနွဲ့နဲ့ အပြိုင်သတ္တိရှိတာပဲ။ လုပ်ပါအုံး"

ဘညွန့်က ခပ်တည်တည်နှင့် လှိမ့်တင်ပေးလိုက်ရာ ခင်မောင် မငြင်းသာတော့ဘဲ ဦးဘိုးကျန်တို့အိမ်အောက်သို့ ဝင်သွားခဲ့လေပြီ။ သူ့လက်ထဲတွင်တော့ ဌက်ကြီးတောင်ဓားတစ်လက်က အဖော်အဖြစ်ပါသွားလေသည်။ ဤဓားကို သူတို့သူငယ်ချင်းတစ်စု တောင်ပေါ်က သစ်တုံးလေးတွေခုတ်ပြီး အိမ်ဆောက်ကစားကြရာ မြေကျင်းတူးကြစဉ် မြေကြီးထဲက တူးဖော်ရရှိထားသော ဓားဖြစ်သည်။ ခင်မောင်ကပဲ ဆရာကြီးလုပ်ပြီး လက်သုံးတော်ဓားလုပ်ထားသည်။ ခင်မောင်မှာ သတ္တိခပ်ကောင်းကောင်းမို့ သိပ်ကြာကြာစဉ်းစားမနေ။ အိမ်အောက်သို့ လှမ်းဝင်သွားကာ လက်ထိုးပြီး အိပ်တန်းပေါ်က ကြက်ကိုလှမ်းကိုင်လိုက်၏။

"ကတော်ကတော် ကတော်"

"အဟမ်း ဟမ်း ဟမ်း"

ကြက်အော်သံနှင့်အတူ အိမ်ရှင်ဦးဘိုးကျန်၏ ချောင်းဟန့်သံကပါ ထွက်ပေါ်လာရာ ဓားရှည်ကိုင်လူစွမ်းကောင်းခင်မောင် ထိန်းကြိုးပြတ်သည့်နွားရိုင်းလို ကမူးရှူးထိုးပြေးထွက်လာ၏။

"မရဘူးကွာ မရဘူး။ ပိုင်ရှင်နိုးသွားပြီ ပြေးကြမှဖြစ်မယ်"

ထွက်ပြေးရန်ပြင်သော ခင်မောင်ကို ဘညွန့်လှမ်းဆွဲထားလိုက်၏။

"ဟေ့ကောင် မပြေးနဲ့ ရအောင်ဖမ်းမယ်"

"ဘညွန့်ရေ မလုပ်နဲ့နော်။ ပိုင်ရှင်နိုးနေပြီ"

"နိုးနိုးကွာ ရမှဖြစ်မယ်ဆိုတာ တို့တွေ ဆုံးဖြတ်ပြီးသားပဲ"

"ဘညွန့် မင်း ငကျန်ကိုလွှတ်အုံးမလို့လား"

"မလွှတ်ဘူး ငါကိုယ်တိုင်သွားမယ်"

ဘညွန့်မှာ စိတ်ကြီးပြီး အလုပ်တစ်ခုကိုလုပ်လျှင် မဖြစ်မနေလုပ်လိုသော ဆန္ဒရှိသူဖြစ်သည်။ ဝီရိယအားကောင်းသူဟု ဆိုရမည်ဖြစ်ပေသည်။ ဆရာကြီးလုပ်တတ်သောဘိုးရွှေနွဲ့၊ ဗိုလ်လုပ်ချင်သောခင်မောင် တို့တောင် မစွမ်းသာသောအလုပ်ကို ခပ်အေးအေး ခပ်ညံ့ညံ့စိတ်အားငယ်တတ်သူ ငကျန်ကို လုပ်ခိုင်းပါက အနိုင်ကျင့်ရာရောက်မည်ဆိုသည်ကို ဘညွန့် တွေးပြီးသားဖြစ်သည်။

ဘညွန့် ဖျတ်ခနဲဝင်သွားလိုက်၏။ သိပ်တောင်မကြာ "ကတော်ကတော် ဖျန်း ဖျန်း အွန့်"ဆိုသည့် အသံ ဆက်တိုက်ထွက်ပေါ်သွားပြီး ကြက်ကြီးကို ကိုင်လျက် ဘညွန့်ရောက်လာ၏။ ကြက်ကတော့ လှုပ်ရှားသံ၊ မြည်သံ၊ အော်သံ ဘာမျှမကြားတော့ချေ။

"ဟေ့ကောင်တွေ ပြေးကြစို့"

ဘညွန့် ကြက်ကိုကိုင်ပြီး ရှေ့ကပြေး၏။ သူငယ်ချင်းသုံးယောက် သူ့နောက်က လိုက်ကြ၏။ ပိုင်ရှင်နိုးသွားပြီဖြစ်၍ သေချာပေါက်လိုက်လာမည်ကို သူတို့ သိကြသည်။ ဘညွန့်တို့သူငယ်ချင်းလေးဦး ရွာပြင်ဘက်တောင်ခြေသို့ ရောက်လာကြ၏။ သူတို့တွေမှာ ပြစ်မှုတစ်ခုကို ကျူးလွန်မိလျက်သားဖြစ်နေကြ၍ ရင်တွေ တဒိန်းဒိန်းခုန်နေကြ၏။ သူတို့လာလမ်းအတိုင်းမပြန်ဘဲ ရွာတောင်တန်းကိုကျော်တက်ကာ ရွာထဲသို့ ပြန်ဝင်လာကြ၏။ နောက်ကတော့ မည်သူမျှ လိုက်လာတာမတွေ့ရ။ သူတို့မှာ ထမင်းချက်ဖို့အရေးကလည်းရှိနေသေးလို့ ဘိုးရွှေနွဲ့တို့အိမ်သို့ ဝင်လိုက်ကြ၏။ သူခိုးကြီးည လပြည့်ထမင်းအတွက် အရေးကြီးနေစဉ် သူတို့ ဘာကိုမျှ ရှည်ရှည်ဝေးဝေးတွေးမနေကြတော့ဘဲ ထမင်းချက်ကြတော့သည်။

ဘိုးရွှေနွဲ့တို့အိမ်မှာ အဖေနှင့်အမေမရှိကြ။ ရွာပြင်လယ်ကွင်းစပ်မှာ ကြက်၊ ဘဲ မွေးမြူရေးလုပ်နေကြ၏။ အိမ်မှာ သူ့အစ်မတစ်ဦးပဲရှိသည်။ လွတ်လပ်သလိုဖြစ်နေ၍ သူတို့ထမင်းချက်ရသည်မှာ အဆင်ပြေသည်။ သူတို့တွေ ထမင်းချက်ပြီးပြီ။ မဲဇလီဖူးနှင့် ဘူးသီးချဉ်ရည်လည်း ကျိုပြီးပြီ။ နောက်ဆုံးဟင်းအိုးအဖြစ် ကြက်သားကာလသားချက် ချက်လိုက်ကြ၏။

"မင်းတို့ တော်တော် တော်ကြတဲ့ သူခိုးလေးတွေပဲ။ ကိုယ့်အိမ်နားက အိမ်ကိုတောင် မရှောင်ကြဘူး"

ဘညွန့်တို့ သူငယ်ချင်းလေးဦး လူစွမ်းကောင်းတွေ နောက်မှ အသံကြားလို့လှည့်ကြည့်လိုက်ကြရာ ကြက်ပိုင်ရှင် ဦးဘိုးကျန်ဖြစ်နေပေတော့သည်။ လူမိသည့် သူခိုးတွေအဖြစ် သူခိုးကြီးည သူခိုးလေးတွေ ထပြေးရမလို ထိုင်နေရမလိုဖြစ်နေကြလေပြီ။

"မင်းတို့ ဘယ်မှပြေးမယ် မကြံ်ကြနဲ့။ ထမင်းချက်ပြီးရင် အေးအေးဆေးဆေးစားကြ၊ မင်းတို့မိဘတွေနဲ့ပဲ စကားပြောမယ်"

ကြက်ပိုင်ရှင် ဦးဘိုးကျန် စကားပြောပြီး ပြန်လှည့်ဆင်းသွား၏။ ကြက်သူခိုးလေး လေးဦးကတော့ သူတို့လုပ်မိခဲ့သည့်အဖြစ်ကိုတွေးပြီး ရှက်လည်းရှက်ကြောက်လည်းကြောက်ကာ လပြည့်ညထမင်းကို စားလိုစိတ်ပင်မရှိကြတော့ပေ။

စာမျက်နှာ ၂၅ သို့ á

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ဧက ၂၄၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

ရေဦး အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧက ၂၄၁၀ ထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၉၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၂၄၁၀ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ဧကလျှင် ၂၃ ဒသမ ၄၄ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဒီပဲယင်းမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၄၉၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဓော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများကို စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်း ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်၍ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွှေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဓော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ စက်တင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ပန်းတနော် အောက်တိုဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ စက်တင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်၊စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ သြဂုတ်လအတွင်းက ရက် ၉၀ စပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ရက် ၉၀ စပါးသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် စပါးအမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ရက် ၉၀ စပါး တင်းရေအများအပြား ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်စျေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဒီရက် ၉၀ စပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့တင်ပို့မှု အားကောင်းခဲ့တာဖြစ်ပါတယ်။ ရက် ၉၀ စပါးကို ရန်ကုန်စျေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော၊ လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ် ဖြစ်နေပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ် ကောင်းလာသည့် အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အင်ဂျင်လိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရှိ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၄ မှအဆက်**

(၃)

"သားကို အဖေပြောပြမယ်"

ဘည့ွန်မှာ သူ့အဖေ တစ်ခုခုထလုပ်လေမလားဟု ကြောက်စိတ်ကြောင့် အဖေ့ကို စိုက်ကြည့်နေ၏။

"သား ဒါနဲ့ဆို အသက် ၁၁ နှစ်၊ ၁၂ နှစ်ဝန်းကျင်မှာ အထင်ကရဖြစ်ရပ်သုံးခါရှိပြီနော်၊ သားသတိထားမိလား"

ဘည့ွန်မှာ သူ့အဖေကြီး ကိုထွန်းစိန်ကို ကြည့်မြဲကြည့်နေသည်။

"ပထမအကြိမ် သားတို့ ကန်ပြင်ကျွန်းကို လှေလှော်ပြီး ကြာပန်းခူးသွားခဲ့ကြတယ်။ ဒီရေစစ်ချိန် သားတို့ပြန်လာမယ်လုပ်တော့ သားတို့ယူသွားတဲ့လှေ ဆလီဆူးချုံပေါ် တင်ကျန်ခဲ့ပြီလေ။ အမြင့်မှာဆိုတော့ သားတို့ လက်လှမ်းမမီဘူး။ ခေါင်းမော့ကြည့်ရတဲ့ အဆင့်လေ။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ အဖေ"

"လှေမပါပေမဲ့ ညကြီးအချိန်မတော်မှာ ဒီရေရောက်တောတန်းရွှံ့သောင်ပြင်တွေဖြတ်ပြီး သားက သူငယ်ချင်းနှစ်ယောက်ကို ဦးဆောင်ပြီး ညတွင်းချင်း ရွာကိုအရောက်လာနိုင်ခဲ့ကြတယ်။ မှန်ကန်တဲ့လုပ်ရပ်အခက်အခဲကြားက သူငယ်ချင်းနှစ်ယောက်ကို ဦးဆောင်ပြီး ခေါ်ယူနိုင်ခဲ့တဲ့အဖြစ်ကို အဖေ့ရင်ထဲက ကျိတ်ပြီးချီးကျူးခဲ့တယ်။

တစ်ခါ သားအမေ နေမကောင်းဖြစ်လို့ သရက်သီးမှည့်စားချင်တယ်ဆိုတာနဲ့ သားက တောင်ပေါ်မှာ သရက်ပင်မြင့်ကြီးပေါ် ခက်ခက်ခဲခဲတက်ပြီး လှုပ်လှုပ်လေးသာ မြင်ရတဲ့ သရက်သီးမှည့်လေးကို မရမကသက်စွန့်ဆံဖျား ခူးပေးခဲ့တယ်နော်။ မွေးသမိခင်အတွက် အလုပ်အကျွေးပြုပေးခဲ့တယ်။ အဖေ ချီးကျူးခဲ့တယ်သား။

အခုတစ်ခါ သား စွန့်စားလိုက်ပြန်ပြီ။ ဒါပေမဲ့ သားရဲ့စွန့်စားမှုက သူခိုးအလုပ်ဖြစ်နေတယ်။ ပိုင်ရှင်ခွင့်မပြုဘဲယူရင် အဒိန္နာဒါနကံ ထိုက်တယ်သား။ ငါးပါးသီလထဲမှာ ပါတယ်လေ။ ရှက်ဖို့လဲ ကောင်းပါတယ်။ သံသရာထိ ပါတတ်တယ်။ ဒါကြောင့် လုပ်သင့်တာမဟုတ်ဘူး။

နောက်ပြီး ဦးဘိုးကျန်တို့လို မရှိဆင်းရဲသားပစ္စည်းဆို ပိုတောင် ရှောင်သင့်တယ်။ သားတို့ သူခိုးကြီးညမို့လို့ခိုးတာ ဘာမှအပြစ်မရှိဘူးလို့ ထင်နေကြတယ်။ အပြစ်မရှိမဟုတ် ရှိတယ်သား။ ပိုင်ရှင်မပေးဘဲယူရင် ခိုးမှုမြောက်တယ်လေ။ တရားစွဲရင် ထောင်ကျနိုင်တယ်။

သားတို့အတွက် ကြက်ကလေးတစ်ကောင်ဟာ ထမင်းတစ်နပ်ကိုပဲ ဖန်တီးနိုင်တယ်။ အာဟာရဖြည့်ပေးနိုင်တယ်။ ဦးဘိုးကျန်တို့အတွက် ပုဆိုးတစ်ထည်၊ လုံချည်တစ်ကွင်းဖြစ်သွားနိုင်တယ်လေ။ မရှိတဲ့လူကို စာနာသနားသင့်တယ်နော် သား။ နောက် ဒီလိုမဆင်မခြင်မလုပ်မိပါစေနဲ့ကွယ်"

"ဟုတ်ကဲ့ပါအဖေ သားမှားခဲ့ပါတယ်။ ဦးဘိုးကျန်တို့ ကြက်ဖိုးအတွက် သားတို့မုန့်ဖိုးက စုပြီးပေးလိုက်ပါ့မယ်အဖေ။ သားမိုက်ပြစ်အတွက် သားကိုရိုက်ပါ အဖေ"

"ရိုက်ဖို့မလိုပါဘူးသားရယ်။ အသိထဲမှာ အမှားအမှန်ကို ဝေဖန်ခွဲခြားသိနိုင်တဲ့အမှန်တရားဘက်မှာပဲ ရှိဖို့လိုတာပါ။ ဦးဘိုးကျန်ကိုလဲ တောင်းတောင်းပန်ပန်ပြောပြီး အဖေ ကြက်ဖိုးကိုပါ ပေးလိုက်ပါပြီ"

ဘည့ွန် သူ့အဖေ ကိုထွန်းစိန်ကို ရှိခိုးကန်တော့လိုက်ပါတော့သည်။

မဲပေးကြစို့

- ဒီမိုကရေစီ နိုင်ငံသစ်
ထွန်းသစ်၍ ဖြစ်တည်စေ၊
စွမ်းနိုင်ရာ တစ်ဖက်တစ်လမ်းက
ဝန်ထမ်းကြလေ၊
ကိုယ်စီကိုယ်၄ တာဝန်ကျေ
အမိမြေ သာစေရေး၊
တွေးမြော်မြင် သုံးသပ်လို့
ဆုံးဖြတ်စို့လေး။။

- ဖြူစင်ရာ စိတ်အတွေး
နိမိတ်ပေး လှပရန်၊
အသည်းကြားက မဲတစ်ပြားနှင့်
ခွဲခြားချိန်တန်၊
အရွေးမမှားဖို့ ချိန်ဆကြံ
အသိဉာဏ် ပညာသုံး၊
အမိမြေမှာ ဖွံ့ဖြိုး၍
တိုးတက်စေထုံး။။

- မေတ္တာမူ ကြည်သာအပြုံးနှင့်
ညီညာစုရုံး သွားကြမယ်၊
ရွေးကောက်ပွဲ ထိုနေ့ရက်
မပျက်ကွက်ဖွယ်၊
တရားမျှတ နည်းလမ်းသွယ်
စည်းကမ်းကြွယ်၍ ဂုဏ်တင့်ဖို့၊
ရှေ့ရေးကို မြော်မြင်တွေးကာ
မဲပေးကြစို့။။ ။

ကိုရွှေတောသား(ဆင်ကူး)

ဘားအံမြို့နယ် နိုင်းကြာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ဘားအံ အောက်တိုဘာ ၁၄

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုင်းကြာကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက နိုင်းကြာကျေးရွာ သောက်သုံးရေ ရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင်တည်ဆောက်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ် ဦးစီးမှူး ဦးဝင်းနိုင်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

နိုင်းကြာကျေးရွာ၌ အကျယ်လေးလက်မခွဲ၊ အနက် ပေ ၂၀၀ ရှိ စက်ရေတွင်းတစ်တွင်း၊ ဂါလံ ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံ အောက်ခန်းဖွဲ့ခြင်း၊ ၅၇၅ ဝပ်ဆိုလာ ၁၀ ချပ် တပ်ဆင်ခြင်းလုပ်ငန်းများကို ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၂၅ သန်းဖြင့် ဌာနကော်မတီက မေလပထမပတ်မှ စတင်တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်သဖြင့် အဆိုပါကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ အတွက် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။ **ကိုသက်**

စာမှတ်စာတမ်း သက်သေခံတင်သွင်းခြင်း

စိန်လှိုင်ဗိုလ်

တရားရုံးတရားခွင်များတွင် ရာဇဝတ်မှုဖြစ်စေ၊ တရားမမှုဖြစ်စေ၊ စစ်ဆေးကြရာတွင် လူပုဂ္ဂိုလ်၏ နှုတ်သက်သေခံချက်ကိုလည်းကောင်း၊ တင်ပြလိုသော စာမှတ်စာတမ်း သက်သေခံချက်ကို လည်းကောင်း အသုံးပြုကြရပါသည်။ (စကားပြောသောသက်သေနှင့် စကားမပြောသောသက်သေများ ဖြစ်ပါသည်) စကားမပြောသော သက်သေ (စာမှတ်စာတမ်း)ကို အမှုအတွက် သက်သေခံတင်သွင်းကြရာတွင် ရုံးတော်က လက်ခံရန်သင့်၊ မသင့်ကို နှစ်ဖက်အငြင်းပွားလေ့ရှိကြသည်။

တရားမမှုတစ်ခုတွင် တရားပြိုင်စစ်သည့် အဆင့် ၌ တရားပြိုင်ဘက်မှ စာမှတ်စာတမ်း (စာချုပ်) သက်သေခံတင်သွင်းခွင့် လျှောက်ထားရာ မူလခရိုင် တရားရုံးက သက်သေခံ တင်သွင်းခွင့်မပြုခဲ့ပါ။ တိုင်းတရားရုံးက မူလရုံးအမိန့်ကို ပယ်ဖျက်သည်။ တင်သွင်းလာသော မှတ်ပုံတင်ထားခြင်းမရှိသည့် အပေးစာချုပ်ကို သက်သေခံတင်သွင်းခွင့် ပြုခဲ့ပါသည်။ ထိုအမှုသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အဆင့်ထိ ရောက်ရှိပြီး စီရင်ထုံးဖြစ်ခဲ့ပါသည်။ ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-(၄၃၄) တွင် တရားလို ဦးတန်ကီကီး ခေါ် ဦးတန်ခိကီးက တရားပြိုင် ဦးမျိုးဘုန်းဝေ အပေါ် တိုက်ခန်းပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ ပေးစေလိုမှုစွဲဆိုခဲ့ပါသည်။ တရားပြိုင်ကို စစ်ဆေးစဉ် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်စွဲပါ အိမ်ခန်းကို မေတ္တာဖြင့် အပိုင်ပေးအပ်သည့် ကတိစာချုပ်ကို တရားပြိုင်က သက်သေခံအဖြစ် တင်သွင်းလာသည်။

ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံးက တရားပြိုင်တင်ပြသည့် အိမ်ခန်းကို မေတ္တာဖြင့် အပိုင်ပေးအပ်သည့် ကတိစာချုပ်သည် အချင်းဖြစ်အခန်း၏ ပိုင်ရှင်ဖြစ်သည်ဟု တင်ပြခြင်းဖြစ်ကြောင်း၊ ထိုစာချုပ်သည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ-၁၂ စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ-၁၇(၁)တို့အရ မှတ်ပုံမတင်မနေရ စာချုပ်ဖြစ်ကြောင်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့် ပတ်သက်ပြီး လွှဲပြောင်းပေးခြင်းကိစ္စကို တင်ပြခြင်းဖြစ်သဖြင့် မှတ်ပုံတင်ပေးကမ်းစာချုပ်မဟုတ်သောကြောင့် စာချုပ်စာတမ်းမှတ်ပုံတင် အက်ဥပဒေပုဒ်မ-၄၉(ဂ)အရ တရားရုံးက သက်သေခံအဖြစ် လက်ခံနိုင်မည်မဟုတ်ကြောင်း သုံးသပ်၍ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်စွဲပါ အိမ်ခန်းကို မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်ကို သက်သေခံအဖြစ် တင်သွင်းခွင့်မပြုကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က သက်သေခံအဖြစ်တင်သွင်းလိုသည့် စာချုပ်သည် မှတ်ပုံတင်ထားခြင်းမရှိကြောင်း မှန်သော်လည်း တရားပြိုင်၏ ခုခံရေးလမ်းကြောင်းအရ တင်ပြသည့် စာချုပ်ဖြစ်သည့်အပြင် ချေလွှာနှင့်အတူ ပူးတွဲတင်သွင်းထားသည့် စာရွက်စာတမ်းစာရင်း၌လည်း ပါဝင်ကြောင်း ရုံးမှ ထုတ်နုတ်ထားသည့် ငြင်းချက်(၁)နှင့်သက်ဆိုင်သည့် အကြောင်းအရာကို သက်သေထင်ရှားပြသနိုင်ရန်အတွက် သက်သေခံ တင်သွင်းလိုခြင်းဖြစ်ကြောင်း **ဦးသာကြီးနှင့် ဒေါ်ကြိုင်ပါအမှု ၁၉၈၁ ခုနှစ် မတစ စာ-၉၄ အမှုတွင်လည်း ရေးသားကြောင်း သက်သေထင်ရှားပြသရန်အတွက် ၎င်းစာရွက်စာတမ်းကို သက်သေခံအဖြစ် လက်ခံပြီး မှသာဆောင်ရွက်နိုင်မည်ဖြစ်သည်ဟု** လမ်းညွှန်ထားကြောင်းသုံးသပ်၍ မူလရုံးတရားပြိုင် တင်သွင်းသော ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်စွဲပါ အိမ်ခန်းကို မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ကို သက်သေခံအဖြစ်လက်ခံ၍ အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားသည့်အမိန့် ချမှတ်ခဲ့ပါသည်။

ထို့ကြောင့် ဦးတန်ကီကီး ခေါ် တန်ခိကီးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားမပြင်ဆင်မှုကို တင်သွင်းခဲ့ပါသည်။ ပြင်ဆင်မှုလျှောက်ထားသူ၏ ရှေ့နေက သက်သေခံအဖြစ် တင်သွင်းလိုသည့် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်သည်

မှတ်ပုံတင်ထားခြင်း မရှိသဖြင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ-၁၂၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပုဒ်မ-၁၆ တို့အရ မှတ်ပုံမတင်မနေရ စာချုပ်ဖြစ်ကြောင်း၊ ထိုကဲ့သို့ မှတ်ပုံတင်ခြင်း မပြုလျှင် စာချုပ်စာတမ်းပါ ပစ္စည်းနှင့်သက်ဆိုင်သည့် တရားဝင်အထောက်အထား သက်သေခံချက်မဖြစ်စေရဟု စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ-၄၈ တွင် အတိအလင်း ပြဋ္ဌာန်းထားပါလျက် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က စာချုပ်ကို သက်သေခံတင်သွင်းခြင်းကို ခွင့်ပြုခဲ့ခြင်းသည် စီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိကြောင်း တင်ပြလျှောက်ထားခဲ့ပါသည်။

လျှောက်ထားခံရသူ၏ရှေ့နေက တရားလို၏ လိမ်လည်မှုကို သက်သေပြရန် ရုံးငြင်းချက်(၁)ကို သက်သေပြရန် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ကို တံဆိပ်ခေါင်းခွန်ဥပဒေကဲ့သို့ လိုအပ်သော မှတ်ပုံတင်ကြေးဆယ်ဆထမ်းဆောင်စေ၍ သက်သေခံတင်သွင်းခွင့်ပြုသင့်ကြောင်း မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်သည် မှတ်ပုံတင်မထားသည့်စာချုပ်မှန်သော်လည်း တရားပြိုင်၏ ခုခံရေးလမ်းကြောင်းအရ တင်ပြသည့်စာချုပ်ဖြစ်ပြီး ချေလွှာနှင့်အတူပူးတွဲတင်သွင်းထားသည့် စာရွက်စာတမ်းဖြစ်ကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ-၁၂ နှင့်အညီ နိုတြီပဗ္ဗလစ်ရှေ့နေမှ ချုပ်ဆိုပေးသည့်စာချုပ်ဖြစ်ကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ရရှိရန်အတွက် သက်သေခံ တင်သွင်းခွင့်ပြုသင့်ကြောင်း၊ စာချုပ်၏ အနှစ်သာရမှာ မိသားစုစီမံမှုစာချုပ်ဖြစ်၍ စာချုပ်၏ ခေါင်းစည်းကိုသာကြည့်ပြီး သက်သေခံတင်သွင်းခွင့်မပြုခြင်းမှာ မှားယွင်းကြောင်း၊ **ဦးအေဝမ်းခေါ် ဦးမြတ်စိုးနှင့် ဒေါ်ရာဘီယာ ၁၉၈၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၂၈** စီရင်ထုံးအရ စာချုပ်သည် တရားဝင်လွှဲပြောင်းမှုမပြီးမြောက်သေးသဖြင့် မှတ်ပုံတင်ရန်မလိုကြောင်း၊ မူလခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်စွဲပါ တိုက်ခန်းကို မေတ္တာဖြင့် အပိုင်ပေးအပ်သည့် ကတိစာချုပ်ကို သက်သေခံတင်သွင်းခွင့်ပြုသည့် အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်ကြောင်း တင်ပြလျှောက်ထားသည်။

လျှောက်ထားသူက လသာမြို့နယ်၊ (၇)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၃၀)ရှိအဆောက်အအုံနှင့် မြေကို ၁၉၉၈ ခုနှစ် ဇွန် ၁၇ ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးခြင်းစာချုပ်အရ ပိုင်ဆိုင်လာခဲ့ကြောင်း အဆိုပြုပြီး ထိုအဆောက်အအုံရှိ မြေညီတိုက်ခန်းကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် သက်သာခွင့် တောင်းဆိုသည်။

လျှောက်ထားခံရသူက အချင်းဖြစ်မြေညီထပ် အခန်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်စွဲပါ မေတ္တာဖြင့်အပိုင်ပေးစာချုပ်အရ ပိုင်ဆိုင်ကြောင်း ချေပသည်။ လျှောက်ထားခံရသူက "အချင်းဖြစ်အခန်းကို ကျွန်တော်က ၂၀၁၆ ခုနှစ်မှစ၍ ယနေ့အချိန်ထိ လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး စီမံဆောင်ရွက်ခဲ့ပါသည်။ တရားလိုသည် ကျွန်တော့်အားပေးအပ်ထားသည့် အခန်းအပါအဝင် တိုက်ခန်း (၉)ခန်းလုံးကို တစ်ကြိမ်တစ်ခါမှ လက်ဝယ်ပိုင်ဆိုင်ခဲ့ခြင်းမရှိဘဲ တရုတ်(တိုင်ပေ)တွင်သာ နေထိုင်ခဲ့ခြင်းဖြစ်ပါသည်။ ရုံးတော်မှ အမှုမှန်ပေါ်ပေါက်ရေးအတွက် တရားလိုကိုယ်တိုင် ကျွန်တော့်ကို ပေးအပ်ထားသည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်စွဲပါ တိုက်ခန်း(အိမ်)ခန်းကို မေတ္တာဖြင့် အပိုင်ပေးအပ်သည့် ကတိစာချုပ်တွင် အိမ်ခန်းကို အပိုင်လက်ခံရရှိသူနေရာတွင် ရေးထိုးထားသောလက်မှတ်မှာ ကျွန်တော်၏ လက်မှတ်မှန်ကန်ကြောင်း"ထွက်ဆိုပြီး အဆိုပါစာချုပ်ကို သက်သေခံအဖြစ် တင်သွင်းခဲ့ခြင်းဖြစ်သည်။

လျှောက်ထားခံရသူက သက်သေခံတင်ပြလိုသည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်စွဲပါ "အိမ်ခန်းကို မေတ္တာဖြင့်ပေးအပ်သည့်ကတိစာချုပ်" ခေါင်းစဉ်ပါစာချုပ်တွင် အချင်းဖြစ်တိုက်ခန်းနှင့်စပ်လျဉ်း၍ ပေးကမ်းခြင်းကိစ္စကို ဖော်ပြထားသည်။ နှစ်ဖက်အမှုသည်များသည် အချင်းဖြစ်တိုက်ခန်း၏ ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားနေကြခြင်းဖြစ်ပြီး လျှောက်ထားခံရသူက အချင်းဖြစ်တိုက်ခန်းကို ပိုင်ဆိုင်ကြောင်း သက်သေထူရန် အဆိုပါစာချုပ်ကိုသက်သေခံတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

တရားမကျင့်ထုံးဥပဒေအမိန့်-၁၃၊ နည်းဥပဒေ (၁)(၂)(၃)(၄) တို့ပါ ပြဋ္ဌာန်းချက်များအရ တရားရုံးတွင် တင်ပြသော စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ ပထမအဆင့်တွင် အမှုသည်များက စာချုပ်စာတမ်းအားလုံးကို တရားရုံးသို့တင်သွင်းကြရသည်။ နောက်အဆင့်တွင် စာချုပ်စာတမ်းများကို ထုံးနည်းတကျ သက်သေထင်ရှားပြု၍ သက်သေခံအဖြစ် တင်သွင်းကြရသည်။ ဤအဆင့်တွင် တရားရုံးက စာချုပ်စာတမ်းများကို သက်သေခံအဖြစ်လက်ခံမည်သို့မဟုတ် ပယ်မည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ရန် သက်သေခံအက်ဥပဒေ၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်တို့နှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ရန်မှာ တရားရုံး၏ တာဝန်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

လျှောက်ထားခံရသူက သက်သေခံအဖြစ် တင်ပြလိုသည့်စာချုပ်မှာ အိမ်ခန်းကို မေတ္တာဖြင့်ပေးကမ်းသည့်စာချုပ်ဖြစ်သည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မေတ္တာဖြင့် ပေးကမ်းလျှင် တန်ဖိုးမည်မျှရှိစေကာမူ အနည်းဆုံးသက်သေနှစ်ဦးနှင့် ပေးသူကဖြစ်စေ၊ ပေးသူအတွက်ဖြစ်စေ လက်မှတ်ရေးထိုးထားသည့် မှတ်ပုံတင်စာချုပ်ဖြင့် လွှဲပြောင်းပေးရသည်။ မှတ်ပုံတင်စာချုပ်မပြုလုပ်ဘဲ မေတ္တာဖြင့် ပေးကမ်းခြင်းသည် တရားမဝင်ကြောင်း စိစစ်သုံးသပ်ခဲ့ပါသည်။

လျှောက်ထားခံရသူက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်စွဲပါ တိုက်ခန်းကို မေတ္တာဖြင့်ပေးကမ်းသည့် ကတိစာချုပ်ကို တင်ပြခြင်းမှာ ထိုစာချုပ်အရ ၎င်းသည် အချင်းဖြစ်အခန်း၏ ပိုင်ရှင်ဖြစ်သည်ဟု တင်ပြခြင်းဖြစ်သည်။ ဤသို့မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်ပတ်သက်ပြီး လွှဲပြောင်းပေးခြင်းကိစ္စကို တင်ပြခြင်းဖြစ်သဖြင့် စာချုပ်စာတမ်းများ မှတ်ပုံတင် အက်ဥပဒေပုဒ်မ-၄၉(ဂ)နှင့် အကျုံးမဝင်သဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်စွဲပါ တိုက်ခန်းကို မေတ္တာဖြင့် ပေးကမ်းသည့်ကတိစာချုပ်မှာ သက်သေခံအဖြစ် တရားရုံးမှ လက်ခံနိုင်မည်မဟုတ်ပေ၊ ထိုစာချုပ်ကို တရားရုံးသို့ တင်ပြခြင်းကိစ္စမှာ စာချုပ်စာတမ်းများ မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ခွင်းချက်နှင့် အကျုံးမဝင်ပေ။ **ဦးမောင်ခင်နှင့် ဦးထွန်းစိန်ပါ ၂ ၁၉၈၀ ပြည့်နှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး စာ-၄၂** တွင် စီရင်ထုံးဖွဲ့ထားပါသည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်၍ မူလခရိုင်တရားရုံး၏ အမိန့်ကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

အရပ်သူအရပ်သား အမှုသည်များနှင့် လက်လှမ်းမမီသော ဥပဒေဖြစ်ပါသည်။ ဥပဒေပညာရှင်တရားသူကြီးများ၊ ရှေ့နေများနှင့် အဓိကသက်ဆိုင်ပါသည်။ အထက်ပါစီရင်ထုံးက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ကြရန် လမ်းညွှန်မှုပြုလိုက်ပါသည်။ ဦးတန်ကီကီး ခေါ် ဦးတန်ခိကီးနှင့် ဦးမျိုးဘုန်းဝေ ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် -(၂၉၀) စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

ဗုဒ္ဓ ဓမ္မ သံဃ
35 CORNER မျက်မှန်ဆိုင်
ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ
ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။
'ဈေးချင်းတူလျှင် ပစ္စည်းဝိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးဝိုသက်သာရမည်။'
ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂ လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040

မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ
(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြု ရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင် သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့် အယှက်ပြုခြင်း မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"

"လွတ်လပ်မျှတ၊ မဲပေးကြ"

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းများ ဧကရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ဝက်လက် အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းများ ဧကရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၆၀၅၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ နှမ်း ၁၆၀၅၃ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့နှမ်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်းတို့ကြောင့် တောင်သူများအနေဖြင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

စလင်းမြို့နယ် အင်ကြင်းပင်လှ(နဲ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စလင်း အောက်တိုဘာ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အင်ကြင်းပင်လှကျေးရွာအုပ်စု အင်ကြင်းပင်လှ (နဲ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၃ ရက်က အဆိုပါ ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများအား မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူးက အင်ကြင်းပင်လှ (နဲ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၇ ဒသမ ၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို ငွေကျပ် ၂၇ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သန်းသန်းစိုး**

ပလင်းတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒကွိုဏသိရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

၁၄-၁၀-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

စဉ်	အမည်	နဝကမ္ဘ အလှူငွေ (ကျပ်)
၁၀၅၁၁။	ဦးခင်မောင်ဦးနှင့်ဇနီး သုဓမ္မသိင်္ဂီဒေါ်သန်းသန်းစော၊ (သမီး)ဒေါက်တာမြတ်မြတ်ဦးမိသားစုကောင်းမှု	၁၀၀,၀၀၀,၀၀
၁၀၅၁၂။	ဦးကျော်စွာလင်းမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၁၃။	ကွယ်လွန်သူဒေါ်ခင်ရီအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု	၃,၀၀,၀၀၀
၁၀၅၁၄။	ကွယ်လွန်သူဦးမောင်အေးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု	၂,၀၀,၀၀၀
၁၀၅၁၅။	ဦးလှမြင့်နှင့်ဇနီး ဒေါ်ချိုမာ၊ (သမီး)ဒေါက်တာမပြည့်ပြည့်ဖြိုး၊ ဒေါက်တာပြည်ပြည်ကျော်၊ (သား)မောင်ရဲလင်းထက်၊ ဒေါက်တာခင်မောင်ဝင်း မိသားစုကောင်းမှု	၂,၀၀,၀၀၀
၁၀၅၁၆။	ဦးဘုန်းမြင့်နှင့်ဇနီး ဒေါ်အေးကြင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု	၁၃,၀၀,၀၀၀
၁၀၅၁၇။	ကိုဇော်ဇော်ထိုက်နှင့်ဇနီး မဖူးပြည့်စံ၊ (သား)မောင်အလက်ဘုန်းမြတ်မိသားစုကောင်းမှု	၁၁,၀၀,၀၀၀
၁၀၅၁၈။	ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်ပုမိသားစုကောင်းမှု	၁၁,၀၀,၀၀၀
၁၀၅၁၉။	ဦးသိန်းလွင်နှင့်ဇနီး ဒေါ်သန်းသန်းဌေး၊ (သား)မောင်ကျော်ရှိန်းမောင်မိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၂၀။	ဦးဆန်းမောင်နှင့်ဇနီး ဒေါ်ဆွေဆွေဝင်း၊ (သား)ဗိုလ်မှူးဖြိုးသန့်ဇင်ထွဋ်နှင့်ဇနီး မမေသွယ်ဦး၊ (မြေး)မဟေသာနှင်းထွဋ်၊ မောင်ဇွဲဒီပါထွဋ်မိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၂၁။	မခင်ချမ်းမြေ့လွင်မိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၂၂။	ဒေါ်တင်တင်ရီ၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၂၃။	မောင်ဥာဏ်ထူးဆက်မိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၂၄။	ဦးမျိုးအောင်နှင့်ဇနီး ဒေါ်ခင်ရည်မွန်၊ (သမီး)မအိနန္ဒာအောင်၊ (သား)မောင်အောင်ဇေယျမိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၂၅။	ကိုဝေလင်းဖြိုးမိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၂၆။	ဦးကိုလွင်မိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၂၇။	ကွယ်လွန်သူဇနီး ဒေါ်ထွေးယဉ်အားရည်စူး၍ တပ်ကြပ်ကြီးညွှန့်မြင့်(ငြိမ်း)မိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၂၈။	ကွယ်လွန်သူဖခင်ကြီးဦးဘသော်အားရည်စူး၍ ဒေါ်ခင်အုန်းမြင့်မိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၂၉။	ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ခင်လှမိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၃၀။	ဒေါ်တင်တင်မာမိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၃၁။	ဦးစိုင်းဆိုင်လင်းနှင့်ဇနီး ဒေါက်တာခင်ချိုမာ၊ (သား)မောင်စိုင်းဘုန်းသန့်မိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၃၂။	ဦးဇော်စိုင်းဝမ်းနှင့်ဇနီး ဒေါ်မွန်မွန်မိသားစုကောင်းမှု	၁၀,၀၀,၀၀၀
၁၀၅၃၃။	ဦးသိန်းလွင်ဦးမိသားစုကောင်းမှု	၅,၅၀,၀၀၀
၁၀၅၃၄။	ကွယ်လွန်သူမောင်ဟိန်းသူရအားရည်စူး၍ မောင်သက်ကိုကိုမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၃၅။	ကွယ်လွန်သူဖခင်ဦးသန်းဦးအားရည်စူး၍ ကိုမိုးမင်းဦးမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၃၆။	ကွယ်လွန်သူဒေါ်အုန်းမြင့်အားရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၃၇။	နှစ်ဖက်မိဘများအားအမှူးထား၍ ကိုရဲလင်းမောင်နှင့်ဇနီး မဟေမာကျော်၊ (သမီး)မအိဖူးဝေမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၃၈။	ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်ခင်သန်းဦးမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၃၉။	ဦးမျိုးလွင်နှင့်ဇနီး ဒေါ်လှိုင်လှိုင်မြင့်မိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၄၀။	ဦးမျိုးမြင့်ဦးနှင့်ဇနီး ဒေါ်လဲ့လဲ့ဦး၊ (သား)မောင်သော်ဇင်ဦး၊ မောင်အောင်ဇင်ဦးမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၄၁။	ဦးဝင်ငြိမ်းနှင့်ဇနီး ဒေါ်ခင်ဇာဇာဖြူ (သမီး)မအိငြိမ်းဖြူစင်မိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၄၂။	ဦးတင်ငွေနှင့်ဇနီး ဒေါ်ရင်ရွှေမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၄၃။	ဦးဝင်းရွှေနှင့်ဇနီး ဒေါ်တင်တင်စန်းမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၄၄။	ဦးမြင့်လွင်နှင့်ဇနီး ဒေါ်နွယ်အေးမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၄၅။	ဦးကျော်သီဟအောင်နှင့်ဇနီး ဒေါ်ဆွေဆွေလှိုင်မိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၄၆။	ဦးကောင်းမြတ်ဆန်းနှင့်ဇနီး ဒေါ်သဇွာဝေကြည်မိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၄၇။	ဦးမင်းကြည်နှင့်ဇနီး ဒေါ်ချိုချိုမင်းမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၄၈။	ဦးသန်းရွှေနှင့်ဇနီး ဒေါ်ကြည်ကြည်မိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၄၉။	ကိုကျော်မင်းထွေးနှင့်ဇနီး မခိုင်ဖြိုးအေး၊ (သား)မောင်ကောင်းမင်းသန့်မိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၅၀။	နှစ်ဖက်သောမိဘများအားအမှူးထား၍ ကိုအောင်မျိုးဝေနှင့်ဇနီး မလဲ့လဲ့နိုင်မိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၅၁။	ဦးကျော်မျိုးအောင်နှင့်ဇနီး ဒေါ်ဖူးသစ်ရွယ်၊ (သမီး)မခြူးမြတ်ကျော်မျိုးရွယ်မိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၅၂။	ကိုအောင်ဖုန်းမြင့်နှင့်ဇနီး မချယ်ရီဝင်းမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၅၃။	ဦးထက်လင်းအောင်နှင့်ဇနီး ဒေါ်ခင်လင်းလင်းမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၅၄။	မောင်ဟိန်းထက်နှင့်ဇနီး မအင်ကြင်းစံမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၅၅။	ဦးအောင်ထွန်းလွင်နှင့်ဇနီး ဒေါ်ကျော့ကျော့စန်းမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၅၆။	ဦးငွေမောင်နှင့်ဇနီး ဒေါ်စန္ဒာအေးဝင်း၊ (သမီး)မဖူးပွင့်ပြည့်စုံမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၅၇။	ဦးထွန်းညွှန့်နှင့်ဇနီး ဒေါ်စောသန္တာ၊ (သား)မောင်ကျော်သန့်ဇင်မိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၅၈။	ကိုကျော်ဖြိုးဝေနှင့်ဇနီး မခင်မျိုးအေးမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၅၉။	ကိုကျော်မင်းအောင်နှင့်ဇနီး မနန်းနှင်းနှင်းအေးမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၆၀။	ဦးချစ်အောင်နှင့်ဇနီး ဒေါ်တင်တင်ခိုင်မိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၆၁။	ဦးမြင့်ထွန်းနှင့်ဇနီး ဒေါ်ကြူကြူနိုင်၊ (သမီး)မအေမီမီထွန်း၊ မဇူးဇူးစံ၊ မရွှေကြူကြူထွန်းမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၆၂။	ဦးဝင်းနိုင်မြင့်နှင့်ဇနီး ဒေါ်သဇင်အေးမိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၆၃။	ကိုဝင်းထက်အောင်မိသားစုကောင်းမှု	၅,၀၀,၀၀၀
၁၀၅၆၄။	ဒေါ်ကေသွယ်ချို မိသားစုကောင်းမှု	၅,၀၀,၀၀၀

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံဇာတင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦးများအတွက် **ကြိုတင်လှူထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၄၆၆၆၊ ကမ္ဘောဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀ ၂၀၁၇၀၁ ၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဦးကြည်မင်းဟန် ၀၉-၆၇၀၇၅၀၄၇

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၀၇၂၂၄၈၊ ၀၉-၂၅၅၈၂၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်پို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော် ဗိုလ်ရွှေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွှေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်پို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဲပြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

မဘာယ်ကျောက်ပြားစက်ရုံ (မန္တလေး)

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂ ၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀ ၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိုးဘဝိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၆/၂၆)၊ အကွက်အမည် **ပန်းဘဲတန်းကွင်း**၊ ဦးပိုင်အမှတ်(၇၀/၁၈၇)၊ ဧရိယာ(၀ ဒသမ ၀၁၆)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ် - ၇၀/၁၈၉
(ဂ) တောင်လားသော် - ဦးပိုင်အမှတ် - ၇၀/၁၈၈
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ် - ၇၀

အထက်ဖော်ပြပါမြေကို (ဘိုးဘဝိုင်အမည်ပြောင်း)ပေးရန် **ဦးဆန်းလွင်ဦး**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

ဘိုးဘဝိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၈/၂၂)၊ အကွက်အမည် **ပွဲဆိပ်ကွင်း**၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၁၃၈)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ကားလမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ် - ၃၇/က
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ် - ၃၉/က

အထက်ဖော်ပြပါမြေကို (ဘိုးဘဝိုင်အမည်ပြောင်း)ပေးရန် **ခေါ်စိုးသန္တာလှိုင်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

ဘိုးဘဝိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

စစ်ကိုင်းမြို့၊ဒေါ်ဝယ်ဈေးရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည် **မြောက်ဘော်ဂါကွင်း**၊ဦးပိုင်အမှတ်(၂၉/ခ)၊ဧရိယာ(၀ ဒသမ ၂၅)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်- ၂၉/ဃ
(ခ) အနောက်လားသော် - လမ်း
(ဂ) တောင်လားသော် - ကားလမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ် - ၂၅/ခ၊ ၂၉/က

အထက်ဖော်ပြပါမြေကို (ဘိုးဘဝိုင်အမည်ပြောင်း)ပေးရန် **ဦးဖြိုးအောင်လင်း**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

အဖိုးတန်ရေချိုကို ချွေတာပါ

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဝရုတ်သီး။ ရေတာ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းဆပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ညအိပ်ရာမဝင်ခင် Cranberry ခေါ် အနီရောင်အချဉ်သီးဖျော်ရည်သောက်ပေးခြင်းဖြင့် အဆုတ်ထဲရှိ ဗက်တီးရီးယားပိုးမွှားများကို တိုက်ထုတ်ပေးနိုင်သည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ခုံနက်စာစားပြီး နောက်ပိုင်းခုံ့ နေ့လယ်စာမတိုင်မီကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာ ခန့် သောက်ပေးပါက အဆုတ်သွေးကြောထဲရှိသွေးများကို အယ်ကာလီဓာတ်ပြုဝေပြီး အဆုတ်သန့်စင်စေသည်။

❖ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်နှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေမှာ လေးဘီလီယံနီးပါးရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကုန်ပစ္စည်းများကို တင်ပို့နိုင်သော ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်...

❖ မိမိတို့နိုင်ငံတွင်ရှိပြီးဖြစ်သည့် အရင်းအမြစ်များကို ကောင်းစွာအသုံးချနိုင်ရန်လိုပြီး မူလတန်ဖိုးဖြစ်သည့် အရေးပါမှုများကို အရာရောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ်၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနား ကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနားကို ယနေ့ညနေ ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Polytechnic University ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဌေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစာတာမြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander AZIZOV၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ **စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၄

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-I)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို ယင်းနေ့နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ကာ MRTV HD၊ MRTV News၊ MRTV Parliament၊ NRC Channel၊ Farmer's Channel၊MITV၊MNTV၊Skynet Up to date နှင့် Readers' Channel တို့အပြင် MWD HD၊ MWD Variety Channel တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင်FM၊ မန္တလေးFM၊ ပဉ္စဝတီFM၊ ရွှေFM၊ ပတ္တမြားFM၊ FMပုဂံ၊ ချယ်ရီFMနှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက်(LIVE)ထုတ်လွှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-၈၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la

Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar